# ဥာနခွဲ (၄)

# (၁၉၆၀ ခုနှစ်၊ မြန်မာနိုင်ငံ ဆေးကောင်စီနည်းဥပဒေများ။)

## အမှတ် ၅၅၆

## ရန်ကုန်မြို့၊ ၁၃၂၂ ခု၊ သီတင်းကျွတ်လဆန်း ၁၀ ရက်။

## (၁၉၆၀ ခု၊ စက်တဘာလ ၂၉ ရက်။)

အမှတ် ၅၅၆။ ။ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာ အက်ဥပဒေပုဒ်မ ၃၀၊ ပုဒ်မခွဲ (၁)အ ရ၊ ပြည်ထောင်စုမြန်မာနိုင်ငံဆေးကောင်စီကပြုလုပ်၍၊ ပုဒ်မခွဲ (၂)အရ နိုင်ငံတော် သမတအတည်ပြုသော နည်းဥပဒေများကို ပုဒ်မခွဲ (၃)အရ၊ ထုတ်ပြန်ကျေညာလိုက်သည်။

## ၁၉၆၀ ခုနှစ်၊ မြန်မာနိုင်ငံ ဆေးကောင်စီနည်းဥပဒေများ။

၁။ ။ ဤနည်းဥပဒေများကို၊ **၁၉၆၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံဆေး ကောင်စီ နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

## အဓိပ္ပါယ်ဖေါ်ပြချက်များ။

၂။ ။ ဤနည်းဥပဒေများတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်-

(၁) **"အက်ဥပဒေ"** ဆိုသည်မှာ၊ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ အက်ဥပဒေကို ဆိုလို သည်။

(၂) **"ဥက္ကဋ္ဌ"** ဆိုသည်မှာ၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ အက်ဥပဒေပုဒ်မ ၃ (၃) (က)အရ၊ ရွေးချယ် ခန့်ထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌကိုဆိုလိုသည်။ ထို့ပြင်

(၃) **"မှတ်ပုံတင်အရာရှိ"** ဆိုသည်မှာ၊ အက်ဥပဒေပုဒ်မ ၁၀ အရ၊ ခန့်ထားသည့် မှတ်ပုံတင်အရာရှိကို ဆိုသည်။ ထိုစကားရပ်တွင် မှတ်ပုံတင်အရာရှိ၏ တာဝန်ဝတ်တရားများကိုဆောင်ရွက်ရန် နည်းဥပဒေ များအရ ခန့်ထားခံရသူပါဝင်သည်။

## ၁။ ။ ကောင်စီလူကြီးများခန့်ထားခြင်း။

၃။ ။ မှတ်ပုံစာရင်းကို၊ ဤနည်းဥပဒေများဆိုင်ရာ နောက်ဆက်တွဲပါပုံစံ ၁ အတိုင်းထားရှိရမည်။ ထို မှတ်ပုံစာရင်းတွင် ကောင်စီလူကြီးတို့၏ အမည်များကို ရေးသွင်းရမည်။ ရွေးကောက်တင်မြောက် ခြင်းခံရသော ကောင်စီလူကြီးများနှင့်ပတ်သက်၍ ထင်ရှားအောင်၊ အဆိုပါ မှတ်ပုံစာရင်းကို နည်းလမ်း တကျစီမံထားရှိရမည်။ နိုင်ငံတော်သမတက ရွေးချယ်ခန့်ထားသော ကောင်စီလူကြီးများနှင့်ပတ် သက်၍ လည်း၊ ထိုနည်းတူလိုက်နာဆောင်ရွက်ရမည်။

၄။ ။ အက်ဥပဒေပုဒ်မ ၃ (၃)၊ အပိုဒ် (က) (ခ)အရ၊ ရွေးချယ်ခန့်ထားသည့် ဥက္ကဋ္ဌ၏ရာထူးသက်တမ်း သော်၎င်း၊ ကောင်စီလူကြီးတဦးဦး၏ရာထူးသက်တမ်းသော်၎င်း မကုန်ဆုံးမီ ရက်ပေါင်းခြောက်ဆယ်က ကြိုတင်၍၊ မှတ်ပုံတင်အရာရှိသည်၊ ထိုရာထူးတခုခုမကြာမီ လစ်လပ်တော့မည်ဖြစ်ကြောင်းကို၊ ဥက္ကဋ္ဌ အား အသိပေးရမည်။ ဥက္ကဋ္ဌသည်၊ နည်းဥပဒေ ၆အရ၊ လိုအပ်သည့်အတိုင်း ချက်ခြင်းအရေးယူဆောင် ရွက်ရမည်။

Myanmar Law Information System (MLIS)

၅။ ။ အက်ဥပဒေပုဒ်မ ၃ (၃)၊ အပိုဒ် (က) (ခ)အရ၊ ရွေးချယ်ခန့်ထားသည့်၊ သို့တည်းမဟုတ် ပုဒ်မ ၃ (၃) (ဃ)အရ၊ ရွေးကောက်တင်မြှောက်ထားသည့် ကောင်စီလူကြီးတဦးဦးရာထူးမှ နုတ်ထွက်သောအခါဖြစ် စေ၊ သေဆုံးသောအခါဖြစ်စေ၊ ၎င်း၏ရာထူးသက်တမ်းကုန်ဆုံးသောအခါဖြစ်စေ မှတ်ပုံတင်အရာရှိသည်၊ ရာထူးလစ်လပ်ကြောင်းကို၊ ဥက္ကဋ္ဌအား ချက်ခြင်းအသိပေးရမည်။ ဥက္ကဋ္ဌသည်၊ နည်းဥပဒေ ၆ အရ၊ လို အပ်သည့်အတိုင်း ချက်ခြင်းအရေးယူဆောင်ရွက်ရမည်။ ဥက္ကဋ္ဌရာထူးလစ်လပ်လျှင်၊ မှတ်ပုံတင်အရာရှိ သည်၊ နိုင်ငံတော်အစိုးရအား၊ အကြောင်းကြားရမည်။

**၂။ ။ ကောင်စီတွင် လစ်လပ်သည့်နေရာများဖြည့်သွင်းရေးအတွက် လိုက်နာရမည့် နည်းလမ်း စည်းကမ်းများ။**

၆။ ။ ရွေးချယ်ခန့်ထားသည့် ကောင်စီလူကြီး၏နေရာလစ်လပ်လျှင်၊ ထိုသို့လစ်လပ်ကြောင်းကို၊ ဥက္ကဋ္ဌ က၊ နိုင်ငံတော်အစိုးရအား အကြောင်းကြား၍၊ ထိုလစ်လပ်သည့်နေရာများတွင် ဖြည့်သွင်းရန် မေတ္တာရပ် ခံရမည်။

၇။ ။ ရွေးကောက်တင်မြှောက်ထားသည့် ကောင်စီလူကြီးတဦး၏ နေရာလစ်လပ်သည့်အခါ၊ ဥက္ကဋ္ဌသည်၊ သို့တည်းမဟုတ် ဤကိစ္စအလို့ငှါ၊ ဥက္ကဋ္ဌက အာဏာအပ်နှင်းထားသည့် အခြားသူတဦးတယောက်သည်၊ ရွေးကောက်ပွဲတာဝန်ခံအရာရှိဖြစ်ရမည်။ ထိုရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ အဆိုပါကောင်စီလူကြီး ၏ ရာထူးသက်တမ်းကုန်ဆုံးသည့်နေ့ရက်မတိုင်မီ ရက်ပေါင်း ခြောက်ဆယ်အောက်မနည်း၊ ကိုးဆယ် ထက်မပိုသော အခါကြိုတင်၍၊ ထို့ပြင် အဆိုပါကောင်စီလူကြီးရာထူးမှ နုတ်ထွက်၍ဖြစ်စေ၊ သေဆုံး၍ ဖြစ်စေ၊ ၎င်း၏ရာထူးသက်တမ်းကုန်ဆုံး၍ဖြစ်စေ ရာထူးလစ်လပ်လျှင်၊ ထိုသို့ရာထူးလစ်လပ်ပြီးနောက် အခွင့်သင့်လျှင်သင့်ခြင်း၊ လစ်လပ်သော ရာထူးကို ပြန်တမ်းတွင်၎င်း၊ သတင်းစာများတွင်၎င်း ကြေညာ ၍၊ မဲဆန္ဒရှင်အသီးသီးအား ရွေးကောက်ပွဲမကြာမီကျင်းပမည်ဖြစ်ကြောင်းဖြင့် အကြောင်းကြားပြီး နောက်၊ ထိုလစ်လပ်သော ရာထူးဖြည့်သွင်းရေးအတွက် ရွေးကောက်ပွဲကျင်းပရန် အရေးယူဆောင်ရွက် ရမည်။

၈။ ။ မှတ်ပုံတင်အရာရှိသည်၊ အက်ဥပဒေပုဒ်မ ၃ (၃)၊ အပိုဒ် (ဃ)အရ၊ ရွေးကောက်တင်မြှောက်ရမည့် ကောင်စီလူကြီးများရွေးကောက်တင်မြှောက်ရန် မဲစာရင်းတခုကိုပြုလုပ်ရမည်။ ထိုမဲစာရင်းတွင် မှတ်ပုံ တင်ဆရာဝန်များသာပါဝင်ရမည်၊ မဲစာရင်းအလိုရှိသော မဲဆန္ဒရှင်အား၊ မဲစာရင်းတစောင်လျှင် ငွေ ၅ ကျပ်ကျဖြင့်ပေးရမည်။

၉။ ။ (၁) နည်းဥပဒေပုဒ်မ ၈ အရ ပြုလုပ်သော မဲစာရင်းတွင် အမည်ပါရှိသူတို့မှာ၊ အဆိုပါရွေးကောက်ပွဲ တွင် အရွေးခံရန် အက်ဥပဒေပုဒ်မ ၂၀ နှင့် ၂၁ အရ၊ အရည်အချင်းပျက်ယွင်းခြင်းမရှိလျှင်၊ ထိုသူတို့ကို ရွေးကောက်တင်မြှောက်ရန် အမည်တင်သွင်းနိုင်သည်။ သို့သော် ထိုသူသည် ပြည်ထောင်စုနိုင်ငံသားဖြစ်ရ မည်။

(၂) ထိုသူတို့ကို၊ ဤနည်းဥပဒေများဆိုင်ရာ နောက်ဆက်တွဲပါ ပုံစံ ၂ အတိုင်း အမည်တင်သွင်းလွှာဖြင့် အမည်တင်သွင်းရမည်။ အမည်တင်သွင်းလွှာကို၊ မည်သည့်မဲဆန္ဒရှင်ကမဆိုလျှောက်ထားလျှင်၊ ထိုသို့ လျှောက်ထားသည့် မဲဆန္ဒရှင်အား၊ မှတ်ပုံတင်အရာရှိက ပေးရမည်။

Myanmar Law Information System (MLIS)

(၃) အရွေးခံရန် အရည်အချင်းနှင့်ပြည့်စုံသူများကို၊ မဲဆန္ဒရှင်များအဖြစ် အရည်အချင်းနှင့်ပြည့်စုံသူတို့ က၊ အဆိုသွင်း၍ထောက်ခံရမည်။ သို့ရာတွင် မည်သည့်မဲဆန္ဒရှင်မျှ၊ လစ်လပ်သောနေရာ၊ သို့တည်းမ ဟုတ်နေရာများတွင် ဖြည့်သွင်းရန်လိုသည်ထက်ပိုသော သူများကို၊ အမည်တင်သွင်းရန်အဆိုမသွင်းရ၊ သို့တည်းမဟုတ် မထောက်ခံရ။

(၄) ထို့ပြင် မဲဆန္ဒရှင်တဦးတည်းက၊ သတ်မှတ်ထားသည့်အရေအတွက်ထက်ပို၍၊ လက်မှတ်ရေးထိုးတင် သွင်းသည့်အမည်တင်သွင်းလွှာများကို ရွေးကောက်ပွဲတာဝန်ခံအရာရှိက တချိန်တည်းရရှိလျှင်၊ အဆိုပါ အမည်တင်သွင်းလွှာအားလုံးမှာ၊ မခိုင်လုံဟု မှတ်ယူရမည်။

(၅) ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ အမည်တင်သွင်းလွှာများရရှိသည့်အခါ၊ ထိုအမည်တင်သွင်း လွှာအသီးသီး၏ ကျောဘက်တွင်ရရှိသည့်နေ့စွဲနှင့်အချိန်နာရီကို ချက်ခြင်းရေးမှတ်ရမည်။

၁၀။ ။ ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ အမည်တင်သွင်းလွှာများကြည့်ရှုစစ်ဆေးရန် သင့်တော်သည့် အချိန်နှင့်နေရာကို သတ်မှတ်ရမည်။ ထိုသို့သတ်မှတ်ထားသော အချိန်လွန်မှမိမိရရှိသော အမည်တင် သွင်း လွှာများကိုပယ်ရမည်။

၁၁။ ။ (၁) အရွေးခံသူအသီးသီးနှင့် ၎င်းအားအဆိုသွင်းသူ၊ ထောက်ခံသူတို့သည်၊ အမည်တင်သွင်းလွှာ များကြည့်ရှုစစ်ဆေးရန် ရွေးကောက်ပွဲတာဝန်ခံအရာရှိသတ်မှတ်သည့်နေ့ရက်နှင့်အချိန်နာရီတွင်၊ ရွေး ကောက်ပွဲတာဝန်ခံအရာရှိရုံးသို့ လာရောက်နိုင်သည်။ ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ ထိုသူတို့အား၊ အထက်တွင်ဆိုခဲ့သည့်အတိုင်း အရွေးခံသူအားလုံးနှင့်ပတ်သက်၍ မိမိရရှိသည့် အမည်တင်သွင်းလွှာများ ကို ကြည့်ရှုစစ်ဆေးခွင့်ပြုရမည်။

(၂) ထို့နောက်ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ ထိုအမည်တင်သွင်းလွှာများကို ကြည့်ရှုစစ်ဆေးရမည့် ပြင်၊ အမည်တင်သွင်းလွှာခိုင်လုံခြင်းရှိ မရှိပြဿနာများပေါ်ပေါက်လာလျှင်၊ ထိုပြဿနာအားလုံးကို လည်း မိမိသဘောအရသော်၎င်း၊ ကန့်ကွက်ချက်အရသော်၎င်း ဆုံးဖြတ်နိုင်သည်။ အဆိုပါပြဿနာတခုခု နှင့်စပ်လျဉ်း၍၊ ရွေးကောက်ပွဲတာဝန်ခံအရာရှိ ချမှတ်သည့်ဆုံးဖြတ်ချက်သည်၊ အဆုံးသတ်အပြီးအပြတ် ဖြစ်ရမည်။

၁၂။ ။ (၁) အက်ဥပဒေပုဒ်မ ၃ (၃)၊ အပိုဒ် (ဃ)အရ ကျင်းပသည့် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍၊ အရွေး ခံရန် နည်းလမ်းတကျအမည်တင်သွင်းထားသူဦးရေမှာ၊ ရွေးကောက်တင်မြှောက်ရမည့်ကောင်စီလူကြီး ဦးရေထက်မပိုလျှင်၊ ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ အဆိုပါအရွေးခံသူများအား၊ အရွေးခံရသူများ အဖြစ်ဖြင့် ချက်ခြင်းကြေညာရမည်။

(၂) အဆိုပါအရွေးခံသူဦးရေမှာ၊ ရွေးကောက်တင်မြှောက်ရမည့် ကောင်စီလူကြီးဦးရေထက်ပိုလျှင်၊ ရွေး ကောက်ပွဲတာဝန်ခံအရာရှိသည်၊ အရွေးခံသူများ၏ အမည်များနှင့်နေရပ်များကို၊ ဤနည်းဥပဒေများဆိုင် ရာ နောက်ဆက်တွဲပါ ပုံစံ ၃ ဖြင့် မဲလက်မှတ်များတွင် ရေးသွင်းစေပြီးလျှင်၊ အဆိုပါအမည်နှင့် နေရပ် များကို ပြန်တမ်းတွင် ကြေညာရမည်။

(၃) ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ မဲဆန္ဒရှင်အသီးသီးထံသို့၊ မဲလက်မှတ်လက်ခံရန်သတ်မှတ် ထားသည့် နောက်ဆုံးနေ့ရက်မတိုင်မီ၊ ရက်ပေါင်း သုံးဆယ်ထက် နောက်မကျစေဘဲ၊ အဆိုပါလက်မှတ်ကို တစောင်စီလက်မှတ်ရေးထိုး၍၊ စာပို့တိုက်မှ ရီစစ္စတြီပြုလုပ်ပေးပို့ရမည်။

**ခြွင်းချက်**။ ။ သို့ရာတွင် အဆိုပါမဲလက်မှတ်ကို၊ မဲဆန္ဒရှင်တဦးဦးက၊ မဲလက်မှတ်ရေတွက်ရန် သတ်မှတ်ထားသည့်နေ့ရက်မတိုင်မီ မည်သည့်အခါမဆို၊ ရွေးကောက်ပွဲတာဝန်ခံအရာရှိထံလျှောက်ထား လျှင်၊

Myanmar Law Information System (MLIS)

ထိုမဲဆန္ဒရှင်အားပေးရမည်။ ထို့ပြင်မည်သည့်ရွေးကောက်ပွဲမျှ၊ မဲလက်မှတ်ကို မဲဆန္ဒရှင်တဦး တယောက်မရသည့်အကြောင်းကြောင့်ပျက်ပြယ်ခြင်းမရှိစေရ။

ထို့ပြင် မဲလက်မှတ်များကို ပဌမအကြိမ်ဝေငှပြီးသည့်နောက်၊ မဲဆန္ဒရှင်တဦးဦးအား ထုတ်ပေးသည့်ပုံစံ ကို၊ ထုတ်ပေးသောအခါ "မူရင်းခွဲ" ဟု မှတ်သားထားရမည်။

၁၃။ ။ နည်းလမ်းတကျအမည်တင်သွင်းထားသည့် အရွေးခံသူ တဦးဦးသည်၊ အရွေးခံသူအဖြစ်မှ နုတ် သိမ်းလိုလျှင်၊ နုတ်သိမ်းလွှာကိုလက်မှတ်ရေးထိုး၍၊ မဲများကြည့်ရှုစစ်ဆေးရေတွက်ခြင်းမပြုမီ၊ ရွေး ကောက်ပွဲတာဝန်ခံအရာရှိထံပေးပို့က နုတ်သိမ်းနိုင်သည်။ ထိုသို့နုတ်သိမ်းပြီးသည့်နောက်၊ ထိုအရွေးခံ သူမှာ အဆိုပါနုတ်သိမ်းလွှာကို ပယ်ဖျက်ခွင့်မရှိစေရ။ ထိုသို့ နုတ်သိမ်းသည့်အကြောင်းကြားစာကို ရရှိ သောအခါ၊ ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ နုတ်သိမ်းသည့်အကြောင်းကို ပြန်တမ်းတွင် ကျေညာရ မည်။ အရွေးခံသူအတွက်ပေးသည့်၊ သို့တည်းမဟုတ် ပေးပြီးသည့် မဲများရှိလျှင်၊ ထိုမဲများပျက်ပြယ်စေ ရမည်။

၁၄။ ။ ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ မဲလက်မှတ်များတွင်၎င်း၊ ကျေညာစာတမ်းဖြင့်ပြန်တမ်းတွင် ၎င်း အောက်ပါနေ့ရက်များကို ကျေညာရမည်။

(၁) မဲလက်မှတ်များပြန်ပို့ရန် ကောင်စီက သတ်မှတ်သည့် နောက်ဆုံးနေ့ရက်။

(၂) မဲများရေတွက်ရန်ကောင်စီက သတ်မှတ်သည့်နေ့ရက်။

၁၅။ ။ ထိုသို့မဲလက်မှတ်များပြန်ပို့ရန်သတ်မှတ်ထားသည့်နေ့ရက်မတိုင်မီ၊ မဲဆန္ဒပေးလိုသည့် မဲဆန္ဒရှင် အသီးသီးသည်၊ မဲလက်မှတ်တွင် သတ်မှတ်ထားသည့်နည်းလမ်းစည်းကမ်းအတိုင်း၊ မိမိ၏ဆန္ဒကို၊ သို့ တည်းမဟုတ် ဆန္ဒများကိုရေးမှတ်၍၊ လက်မှတ်ရေးထိုးပြီးနောက်၊ မဲလက်မှတ်ကို၊ ရွေးကောက်ပွဲတာဝန် ခံအရာရှိထံသို့ မိမိကိုယ်တိုင်ပေးအပ်ရမည်။ သို့တည်းမဟုတ် စာပို့တိုက်မှ ရီစစ္စတြီပြုလုပ်ပေးပို့ရမည်။

**ခြွင်းချက်** ။ ။ သို့ရာတွင် မဲရေတွက်ရန်သတ်မှတ်ထားသည့် နေ့မွန်းတည့် ၁၂ နာရီကျော်မှရွေးကောက်ပွဲ တာဝန်ခံ အရာရှိလက်သို့ ရောက်သော မဲလက်မှတ်များကို၎င်း၊ နည်းဥပဒေများနှင့်မညီသည့် မဲလက်မှတ် များကို၎င်းပယ်ရမည်။

၁၆။ ။ (၁) ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ မဲလက်မှတ်များကို ရရှိသည့်အခါ၊ ရရှိသည့်နေ့စွဲနှင့်အ ချိန်နာရီကို မဲလက်မှတ်များ၏ ကျောဘက်တွင်ရေးမှတ်ရမည့်ပြင်၊ ထိုလက်မှတ်များ မှန်ကန်စွာဖြည့် သွင်း ခြင်းပြု မပြုကိုလည်း ကြည့်ရှုစစ်ဆေးရမည်။

(၂) ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ မဲလက်မှတ်တခုခုကို၊ နည်းဥပဒေ ၁၅၏ ခြွင်းချက်အတိုင်း မ လိုက်နာသည့်အကြောင်းကြောင့်ပယ်လျှင်၊ ထိုမဲလက်မှတ်ကျောဘက်တွင် "ပယ်သည်" ဟူသောစကား ရပ်ကို ရေးမှတ်ရမည်။

(၃) ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ မဲလက်မှတ်လက်ခံဖြတ်ပိုင်းများကို မဲဆန္ဒရှင်များလက်မှတ် ရေး ထိုးထားပြီးရှိမရှိစစ်ဆေး၍ကြေနပ်လျှင်၊ ထိုလက်ခံဖြတ်ပိုင်းများကိုဖြတ်၍၊ နည်းဥပဒေ ၁၉ အရ စီမံ ခန့်ခွဲခြင်း မပြုမီ၊ လုံခြုံစွာထိန်းသိမ်းထားရမည်။

၁၇။ ။ (၁) ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ မဲရေတွက်ရန်အလို့ငှါ၊ ဥက္ကဋ္ဌက၊ ဤကိစ္စအတွက် သတ်မှတ်ထားသည့်နေ့ရက်နှင့် အချိန်နာရီတွင် သတ်မှတ်ထားသည့် နေရာသို့လာရောက်ရမည်။ အရွေးခံသူ တိုင်း၊ မဲများရေတွက်ရာသို့ ကိုယ်တိုင်လာရောက်နိုင်သည်၊ သို့တည်းမဟုတ် မိမိအာဏာလွှဲအပ်ထား သည့် ကိုယ်စားလှယ်ကိုစေလွှတ်နိုင်သည်။

(၂) ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ မဲလက်မှတ်များကို အရွေးခံသူများကသော်ငင်း၊ ၎င်းတို့ ၏ကိုယ်စားလှယ်များကသော်ငင်း ပြသစေလိုလျှင်ပြသရမည်။ သို့သော်လက်ခံဖြတ်ပိုင်းကိုမူ မပြသရ။

(၃) မည်သည့်မဲလက်မှတ်နှင့်မဆိုစပ်လျဉ်း၍၊ ၎င်းတွင်ပါရှိသည့်ညွှန်ကြားချက်များအတိုင်း မလိုက်နာသောကြောင့်သော်ငင်း၊ ရွေးကောက်ပွဲတာဝန်ခံအရာရှိက ၎င်းကိုပယ်သောကြောင့်သော်ငင်း ကန့်ကွက် လျှင်၊ အဆိုပါကန့်ကွက်ချက်ကို၊ ရွေးကောက်ပွဲတာဝန်ခံအရာရှိက ချက်ခြင်းဆုံးဖြတ်ရမည်။ ရွေးကောက်ပွဲတာဝန်ခံအရာရှိ၏ ဆုံးဖြတ်ချက်သည်၊ အဆုံးသတ်အပြီးအပြတ်ဖြစ်စေရမည်။

၁၈။ ။ (၁) မဲများရေတွက်ပြီးသည့်အခါ၊ ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ မဲအများဆုံးရရှိသည့် အရွေးခံသူများကို အရွေးခံရသူများအဖြစ်ဖြင့် ချက်ခြင်းကြေညာရမည်။

(၂) ထိုသို့အရွေးခံရသူအဖြစ်ဖြင့် ကြေညာထားသော အရွေးခံသူတဦးတယောက်သည်၊ အရွေးခံရသူအ ဖြစ်ကို နုတ်သိမ်းခဲ့လျှင်၊ သို့တည်းမဟုတ် အရွေးခံသည်ကိုလက်မခံလျှင်၊ ကျန်အရွေးခံသူများအနက် မဲအများဆုံးရသူကို နုတ်သိမ်းသွားသော၊ သို့တည်းမဟုတ် လက်မခံသော အရွေးခံသူအစား၊ အရွေးခံရသူ အဖြစ်ဖြင့် မှတ်ယူရမည်။

(၃) အရွေးခံသူများရရှိသည့် မဲအရေအတွက်ချင်းတူညီနေသည်ကို တွေ့ရှိ၍၊ မဲတခုထပ်ဖြည့်ပေးပါက၊ ထို အရွေးခံသူတဦးဦးမှာ အရွေးခံရသူအဖြစ်ဖြင့် ကြေညာခံထိုက်ခွင့်ရှိလျှင်၊ ထိုမဲဆန္ဒထပ်ဖြည့်ပေးပြီး သည် ဟုမှတ်ယူရမည့်သူကို၊ ရွေးကောက်ပွဲတာဝန်ခံအရာရှိရှေ့တွင် ကောင်စီဥက္ကဋ္ဌကသော်ငင်း၊ ဥက္ကဋ္ဌကိုယ်စားဆောင်ရွက်ရန် ခန့်ထားသော ကောင်စီလူကြီးတဦးဦးကသော်ငင်း သတ်မှတ်သည့် နည်းလမ်းစည်းကမ်းအတိုင်း မဲချ၍ဆုံးဖြတ်ရမည်။

၁၉။ ။ မဲလက်မှတ်များရေတွက်ခြင်းပြီးဆုံး၍ အရွေးခံရသူများကို ကြေညာပြီးသည့်နောက်၊ ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ မဲလက်မှတ်များကိုငင်း၊ ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် အခြားစာတမ်းအမှတ်အသားအားလုံးကိုငင်း ချိပ်ပိတ်၍၊ ခြောက်လမျှသိမ်းဆည်းထားရမည်။ ထိုကာလအပိုင်းအခြား ကုန်ဆုံးသည့်အခါ၊ ၎င်းတို့ကို ဖျက်ဆီးပစ်စေရမည်။

၂၀။ ။ ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ အရွေးခံရသူ၏အမည်ကို၊ သို့တည်းမဟုတ် အရွေးခံရသူတို့ ၏ အမည်များကို၊ နိုင်ငံတော်အစိုးရအား အကြောင်းကြားရမည့်ပြင်၊ ပြန်တမ်းအပိုင်း ၄ တွင်လည်း ကြေညာရန်စီစဉ်ရမည်။ ထို့ပြင် မှတ်ပုံတင်အရာရှိသည်၊ အရွေးခံရသောကောင်စီလူကြီးအား၊ သို့တည်း မဟုတ် ကောင်စီလူကြီးများအား အရွေးခံရကြောင်းဖြင့် အကြောင်းကြားရမည့်ပြင်၊ ထိုသို့အကြောင်း ကြားပြီးနောက်၊ ထိုကောင်စီလူကြီးကိုလည်း၊ သို့တည်းမဟုတ် ထိုကောင်စီလူကြီးများကိုလည်း ပဌမအ ကြိမ်ကျင်းပမည့် ကောင်စီအစည်းအဝေးသို့ တက်ရောက်ရန်ဖိတ်ကြားရမည်။ ထိုအစည်းအဝေးကျင်းပ သည့်အခါ၊ မှတ်ပုံတင်အရာရှိက ကောင်စီလူကြီးအဖြစ်၊

Myanmar Law Information System (MLIS)

သို့တည်းမဟုတ် ကောင်စီလူကြီးများအဖြစ် အရွေးခံရကြောင်းဖြင့် ထုတ်ပြန်ကျေညာချက်ကို ဘတ်ကြားရမည်။ ထိုကောင်စီလူကြီးကို၊ သို့တည်းမ ဟုတ် ကောင်စီလူကြီးများကို ကောင်စီလူကြီးတဦးဦးက၊ အစည်းအဝေးတွင် မိတ်ဆက်ပေးရမည်။ ရွေး ချယ်ခန့်ထားသည့်ကောင်စီလူကြီးများနှင့်ပတ်သက်၍လည်း ဤနည်းလမ်းအတိုင်း ပြောင်းလဲသင့်သမျှ ကို ပြောင်းလဲကာ လိုက်နာဆောင်ရွက်ရမည်။

၂၁။ ။ ကောင်စီသည်၊ ကျင်းပခဲ့ပြီးသော မည်သည့်ရွေးကောက်ပွဲကိုမဆို တရားမဲ့ပြုကျင့်မှုကြောင့်သော် ၎င်း၊ အခြားလုံလောက်သော အကြောင်းတခုခုကြောင့်သော်၎င်း ပျက်ပြယ်သည်ဟု မိမိသဘောအရဖြစ် စေ၊ ကန့်ကွက်ချက်အရဖြစ်စေ ကျေညာနိုင်သည်။ ထိုသို့ကျေညာပြီးနောက် မဲဆန္ဒရှင်များအား၊ အသစ် တဖန်ရွေးကောက်တင်မြှောက်ရန် ဆင့်ဆိုနိုင်သည်။ ဤနည်းဥပဒေအရ၊ ကောင်စီကချမှတ်သည့် ဆုံးဖြတ် ချက်သည်၊ အဆုံးသတ်အပြီးအပြတ်ဖြစ်စေရမည်။

၂၂။ ။ နည်းဥပဒေ ၁၁ (၂) နှင့် ၁၇ (၃) တွင် ပြဋ္ဌာန်းထားသည်မှတပါး၊ ဤနည်းဥပဒေများ၏ ရည်ရွယ် ချက်၊ အဓိပ္ပါယ်ကောက်ယူချက်၊ သို့တည်းမဟုတ် နည်းဥပဒေများအရ၊ ဆောင်ရွက်ချက်မှ ပေါ်ပေါက်လာ သည့်ပြဿနာတခုခုနှင့်စပ်လျဉ်း၍၊ ကောင်စီကချမှတ်သည့် ဆုံးဖြတ်ချက်သည်၊ အဆုံးသတ်အပြီးအ ပြတ်ဖြစ်စေရမည်။

## ၃။ ။ ဒုတိယဥက္ကဋ္ဌရွေးကောက်တင်မြှောက်ခြင်း။

၂၃။ ။ (၁) ကောင်စီဒုတိယဥက္ကဋ္ဌကို၊ ကောင်စီလူကြီးများထဲမှ လျှို့ဝှက်သော မဲဆန္ဒပေးစံနစ်ဖြင့် ရွေး ကောက်တင်မြှောက်ရမည့်ပြင်၊ ထိုသို့ရွေးကောက်တင်မြှောက်ခြင်းကိုလည်း ရွေးကောက်ပွဲကျင်းပပြီး သည့်နောက်၊ ပဋ္ဌမအကြိမ် ကျင်းပသည့် ကောင်စီအစည်းအဝေးတွင် ပြုလုပ်ရမည်။

(၂) ဒုတိယဥက္ကဋ္ဌရာထူးသို့ ရွေးကောက်တင်မြှောက်ရန် အရွေးခံသူများကို၊ အစည်းအဝေးတက်ရောက် သည့် ကောင်စီလူကြီးများက အဆိုသွင်း၍ ထောက်ခံရမည်။

(၃) ဥက္ကဋ္ဌသည်၊ မဲအများဆုံးရရှိသည့် အရွေးခံသူကို နည်းလမ်းတကျအရွေးခံရသူအဖြစ်ဖြင့် ကျေညာရ မည်။ အရွေးခံသူများရရှိသည့် မဲအရေအတွက်ချင်းတူညီနေသည်ကိုတွေ့ရှိ၍၊ မဲတခုထပ်ဖြည့်ပေးပါက၊ ထိုအ ရွေးခံသူတဦးဦးမှာ အရွေးခံရသူဖြစ်ထိုက်ခွင့်ရှိလျှင်၊ ထိုထပ်ဖြည့်မဲပေးပြီးဖြစ်သည်ဟု မှတ်ယူရမည့်သူ ကို၊ အစည်းအဝေးတွင် ဥက္ကဋ္ဌသတ်မှတ်သည့် နည်းလမ်းအတိုင်းမဲချ၍ရွေးချယ်ရမည်။

၂၄။ ။ (၁) ဒုတိယဥက္ကဋ္ဌ၏ ရာထူးသက်တမ်းသည်၊ ကောင်စီသက်တမ်းနှင့် အမျှဖြစ်ရမည်။

(၂) ဒုတိယဥက္ကဋ္ဌရာထူးလစ်လပ်လျှင်၊ ထိုလစ်လပ်သော ရာထူးကို လစ်လပ်ပြီးသည့်နောက်၊ ပဋ္ဌမ အကြိမ်ကျင်းပသည့် ကောင်စီ၏ သာမန်အစည်းအဝေးတွင် ဖြည့်သွင်းခန့်ရမည်။

## ၄။ ။ ကောင်စီအစည်းအဝေးများ။

၂၅။ ။ (၁) ကောင်စီသည်၊ အလုပ်ကိစ္စဆောင်ရွက်ရန်အလို့ငှါ၊ နှစ်စဉ်ဖေဖော်ဝါရီလ ပဋ္ဌမအင်္ဂါနေ့နှင့် ဩဂုတ်လ ပဋ္ဌမအင်္ဂါနေ့တွင် သာမန်အစည်းအဝေးကျင်းပရမည်။

(၂) ဥက္ကဋ္ဌသည်၊ ကောင်စီ၏အထူးအစည်းအဝေးကျင်းပရန် လိုအပ်သည်ဟု ထင်မြင်သည့်အခါတိုင်း၊ ထို အစည်းအဝေးကို တဆယ့်ငါးရက်ကြိုတင်အကြောင်းကြားပြီးလျှင် ဘိတ်ခေါ်နိုင်သည်။ ထို့ပြင်သုံးဦး အောက်မနည်းသော

ကောင်စီလူကြီးများက၊ ထိုအစည်းအဝေးကို မည်သည့်ကိစ္စ၊ သို့တည်းမဟုတ် ကိစ္စ များအတွက် ဘိတ်ခေါ်သင့်သည်ဟု ဖေါ်ပြ၍၊ ဘိတ်ခေါ်ရန် စာရေးသားတောင်းဆိုသောအခါလည်း ဘိတ် ခေါ်ရမည်။

၂၆။ ။ (၁) မှတ်ပုံတင်အရာရှိသည်၊ အစည်းအဝေးကျင်းပသည့်အခါတိုင်း၊ ကျင်းပမည့်အကြောင်းကြား စာကို၊ အစည်းအဝေးမကျင်းပမီ အနည်းဆုံးတဆယ့်ငါးရက်ကကြိုတင်၍၊ ကောင်စီလူကြီးအသီးသီးထံ ပေးပို့ရမည်။ အစည်းအဝေးကျင်းပမည့် အချိန်နှင့်နေရာကိုဖေါ်ပြရမည်။

(၂) အစည်းအဝေးဘိတ်ကြားစာများတွင် အစည်းအဝေးဘိတ်ခေါ်ရခြင်းမှာ၊ သာမန်အလုပ်ကိစ္စအတွက် ဖြစ်သည်၊ သို့တည်းမဟုတ် အမည်ဖေါ်ထားသည့်အထူးအလုပ်ကိစ္စအတွက်ဖြစ်သည်ကို ဖေါ်ပြရမည်။ အထူးအလုပ်ကိစ္စအတွက် ကျင်းပသည့်အစည်းအဝေးတခုခုတွင် ဘိတ်ကြားစာ၌ အမည်ဖေါ်ပြထားသည့် အလုပ်ကိစ္စမှတပါး၊ အခြားမည်သည့်အလုပ်ကိစ္စကိုမျှ မဆောင်ရွက်ရ။

(၃) ကောင်စီအစည်းအဝေးများကို၊ ရန်ကုန်မြို့တွင် ဥက္ကဋ္ဌညွှန်ကြားသည့်အချိန်များ၌ ကျင်းပရမည်။

၂၇။ ။ ကောင်စီအစည်းအဝေးတရပ်ရပ်မကျင်းပမီ၊ ရှေးဦးစွာမှတ်ပုံတင်အရာရှိသည်၊ ဥက္ကဋ္ဌနှင့်အတူ ယာယီလုပ်ငန်းအစီအစဉ်ကိုရေးဆွဲ၍၊ ထိုယာယီလုပ်ငန်းအစီအစဉ်များကို ကောင်စီလူကြီးအသီးသီးထံ သို့ အစည်းအဝေးကျင်းပမည့်နေ့ရက်မတိုင်မီ၊ အနည်းဆုံးခုနစ်ရက်ကကြိုတင်၍ တစောင်စီပေးပို့ရမည်။ ထိုသို့ပေးပို့သည်နှင့်တပြိုင်တည်းပင်၊ ကောင်စီသို့ထိုအစည်းအဝေးကျင်းပစဉ်အတွင်းတင်ပြရမည့် ပြစ် ဒဏ်ထိုက်သင့်သော အမှုများနှင့်သက်ဆိုင်သည့် စာတမ်းအမှတ်အသားများနှင့် သက်သေခံချက်မိတ္တူ များကို၊ ကောင်စီလူကြီးအားလုံးထံပေးပို့ရမည်။

၂၈။ ။ လုပ်ငန်းအစီအစဉ်တွင် ထည့်သွင်းရမည့် အဆိုနှင့် စပ်လျဉ်းသည့် အကြောင်းကြားစာကို အစည်း အဝေးကျင်းပရန် သတ်မှတ်ထားသည့်နေ့ရက်မတိုင်မီ အနည်းဆုံး ဆယ်ရက်ကကြိုတင်၍၊ မှတ်ပုံတင်အ ရာရှိထံအရောက်ပေးပို့ရမည်။ မှတ်ပုံတင်အရာရှိသည်၊ ထိုအဆိုကို အစည်းအဝေးမကျင်းပမီ၊ အနည်းဆုံး လေးရက်ကကြိုတင်၍၊ ကောင်စီလူကြီးအသီးသီးထံ တစောင်စီပေးပို့ရမည်။

၂၉။ ။ လုပ်ငန်းအစီအစဉ်တွင် ထည့်သွင်းရမည့်ပြင်ဆင်ချက်အဆိုနှင့် စပ်လျဉ်းသည့် အကြောင်းကြား စာကို၊ အစည်းအဝေးကျင်းပရန် သတ်မှတ်ထားသည့် နေ့ရက်မတိုင်မီ၊ အနည်းဆုံးဆယ်ရက်ကကြိုတင် ၍၊ မှတ်ပုံတင်အရာရှိထံ အရောက်ပေးပို့ရမည်။ မှတ်ပုံတင်အရာရှိသည်၊ ထိုပြင်ဆင်ချက်အဆိုမိတ္တူကို အစည်းအဝေးမကျင်းပမီ၊ အနည်းဆုံးလေးရက်ကကြိုတင်၍၊ ကောင်စီလူကြီးအသီးသီးထံ တစောင်စီ ပေးပို့ရမည်။

၃၀။ ။ မှတ်ပုံတင်အရာရှိသည်၊ ကောင်စီလူကြီးများ၏ အမည်စာရင်းစာအုပ်ကို ထားရှိရမည်။ ထိုစာရင်း စာအုပ်တွင် အစည်းအဝေးသို့တက်ရောက်သော ကောင်စီလူကြီးအသီးသီးက၊ မိမိအမည်ကို အစည်းအ ဝေးတက်ရောက်သည့် နေ့ရက်၌ရေးသွင်းရမည်။

၃၁။ ။ (၁) အစည်းအဝေးကျင်းပရန်သတ်မှတ်သည့် အချိန်၌၊ သို့တည်းမဟုတ် ထိုအချိန်ကျရောက်ပြီး နောက် မိနစ်နှစ်ဆယ်အတွင်း၌၊ အက်ဥပဒေပုဒ်မ ၈ (၂)တွင် သတ်မှတ်ထားသည့်အတိုင်း၊ အစည်းအဝေး အထမြောက်ရန်

Myanmar Law Information System (MLIS)

လိုအပ်သော ကောင်စီလူကြီးဦးရေ မတက်ရောက်လျှင်၊ အစည်းအဝေးကို နောက်တရက် ရက်သို့ ရွှေ့ဆိုင်းရမည်။ ထိုရက်ကို ဥက္ကဋ္ဌကသတ်မှတ်ရမည်။

(၂) အစည်းအဝေးတရပ်ရပ်ကို၊ နောက်တရက်ရက်သို့ ရွှေ့ဆိုင်းသည့်အခါ၊ ထိုသို့ရွှေ့ဆိုင်းသည့်အ ကြောင်းကြားစာကို မှတ်ပုံတင်အရာရှိက၊ ထိုအစည်းအဝေးသို့တက်ရောက်သည့်ကောင်စီလူကြီးနှင့်မ တက်ရောက်သည့် ကောင်စီလူကြီးအားလုံးထံပေးပို့ရမည်။

၃၂။ ။ (၁) ဥက္ကဋ္ဌသည်၊ အစည်းအဝေးတရပ်ရပ်ကို၊ သို့တည်းမဟုတ် အလုပ်ကိစ္စတခုခုကို နောက်မည် သည့်နေ့ရက်ကိုမဆို၊ သို့တည်းမဟုတ် တနေ့တည်းတွင် မည်သည့်အချိန်နာရီသို့မဆို အခါမရွေးရွှေ့ဆိုင်း နိုင်သည်။

(၂) အစည်းအဝေးတရပ်ရပ်ကို၊ နောက်တရက်ရက်သို့ ရွှေ့ဆိုင်းသည့်အခါတိုင်း၊ ဥက္ကဋ္ဌက၊ ထိုရက်ကိုအ ခြားတရက်ရက်သို့ ပြောင်းရွှေ့နိုင်သည်။ ထိုသို့ပြောင်းရွှေ့သည့်အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိ က၊ ကောင်စီလူကြီးအသီးသီးထံ ပေးပို့ရမည်။

၃၃။ ။ အစည်းအဝေးတွင် တင်သွင်းသည့်အဆို၊ သို့တည်းမဟုတ် ပြင်ဆင်ချက်အဆိုအသီးသီးမှာ ထောက်ခံသူရှိရမည်။ ထောက်ခံသူမရှိသည့်အဆို၊ သို့တည်းမဟုတ် ပြင်ဆင်ချက်အဆိုကို ဆွေးနွေးခြင်း မပြုရ။

၃၄။ ။ အဆိုနှင့်ပြင်ဆင်ချက်အားလုံးကို စာဖြင့် ရေးသား၍၊ အဆိုတင်သွင်းသူနှင့် ထောက်ခံသူတို့က လက်မှတ်ရေးထိုးရမည်။ ထိုအဆို၊ ပြင်ဆင်ချက်များနှင့်စပ်လျဉ်း၍၊ အခြားကောင်စီလူကြီးများက ပြော ဆိုခြင်းမပြုမီ၊ သဘာပတိကသော်၎င်း၊ သဘာပတိ၏ အခွင့်အမိန့်အရ မှတ်ပုံတင်အရာရှိကသော်၎င်း ဖတ်ပြရမည်။ နည်းလမ်းအတိုင်း တင်သွင်းသော ပြင်ဆင်ချက်အဆိုအားလုံးကို၊ သီးခြားအဆိုများအ ဖြစ် ဖတ်ပြနိုင်အောင်ရေးသားထားရမည်။

၃၅။ ။ (၁) ကောင်စီလူကြီးတဦးသည်၊ ကောင်စီတွင် ဆွေးနွေးလျက်ရှိသည့် အကြောင်းအရာတခုခုနှင့် စပ်လျဉ်း၍ ပြောဆိုလိုလျှင်၊ မိမိနေရာမှမတ်တတ်ရပ်၍၊ ဥက္ကဋ္ဌကို ပြောဆိုရန်ခွင့်ပန်ရမည်။

(၂) မည်သည့်အချိန်အခါမဆို၊ ဥက္ကဋ္ဌက လက်ပြလျှင်၊ ပြောဆိုနေသောကောင်စီလူကြီးသည်၊ မိမိပြောဆို နေခြင်းကို ချက်ခြင်းရပ်ရမည်။

၃၆။ ။ ကောင်စီက အခြားနည်းမဆုံးဖြတ်လျှင်၊ ယခင်နေ့က မပြီးပြတ်သော အဆိုတခုခုကို ကိစ္စသစ် အလျင်ဆွေးနွေးရမည်။

၃၇။ ။ မည်သည့်အဆို၊ သို့တည်းမဟုတ် ပြင်ဆင်ချက်ကိုမျှ သဘာပတိကဖြစ်စေ၊ သဘာပတိ၏အခွင့် အမိန့်ဖြင့်ဖြစ်စေ ဖတ်ပြပြီးသည့်နောက်၊ ကောင်စီကခွင့်မပြုဘဲ မရုပ်သိမ်းရ။

၃၈။ ။ မည်သည့်ကောင်စီလူကြီးမှာမျှ၊ ကောင်စီသို့နည်းလမ်းတကျတင်သွင်းထားသည့်အလုပ်ကိစ္စမှတ ပါး၊ အခြားမည်သည့်ကိစ္စနှင့်မဆို စပ်လျဉ်း၍၊ ပြောဆိုခွင့်မရှိစေရ၊ သို့တည်းမဟုတ် ယခင်က ဆွေးနွေး ခဲ့သည့်ကိစ္စနှင့်စပ်လျဉ်း၍၊ မိမိနှင့်သက်ဆိုင်သောရှင်းလင်းချက်ကို၊ ဥက္ကဋ္ဌ၏ခွင့်ပြုချက်အထူးမရဘဲ ပြောဆိုခွင့်မရှိစေရ။

၃၉။ ။ မည်သူမျှ ငါးမိနစ်ထက်ပို၍ ပြောဆိုခြင်းမပြုရ။ သို့ရာတွင် အဆိုရှင်သည်၊ အဆိုတင်သွင်းစဉ် ဆယ်မိနစ်မျှပြောဆိုနိုင်သည်။

၄၀။ ။ ဤနည်းဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ၊ အဆိုတခုခုကိုဆွေးနွေးစဉ် ပေါ်ပေါက်လာသည့် ပြင်ဆင်ချက်များကို၊ အစည်းအဝေးတက်ရောက်သည့်ကောင်စီလူကြီးများ၏ သဘောတူချက်ဖြင့် အစည်းအဝေးသို့တင်ပြနိုင်သည်။

၄၁။ ။ ကောင်စီလူကြီးနှစ်ဦး၏၊ သို့တည်းမဟုတ် နှစ်ဦးထက်ပိုသော ကောင်စီလူကြီးများ၏ အမည်ဖြင့် တင်သွင်းသည့်ထပ်တူအဆိုများရှိလျှင်၊ ဥက္ကဋ္ဌသည်၊ မည်သည့်အဆိုကို ဆွေးနွေးရမည်ဟုဆုံးဖြတ်ရ မည်။ ထိုသို့ဆုံးဖြတ်သောအခါ၊ အခြားအဆိုများကိုရုပ်သိမ်းသည်ဟုမှတ်ယူရမည်။

၄၂။ ။ (၁) ကောင်စီလူကြီးများသည်၊ အဆိုတခုခုနှင့်စပ်လျဉ်း၍၊ ဥက္ကဋ္ဌကညွှန်ကြားသည့် အစီအစဉ်အ တိုင်းပြောဆိုနိုင်သည်။ သို့ရာတွင် အဆိုထောက်ခံသူသည်၊ ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့်၊ မိမိ၏ဝေဘန်ချက် များကို မပြောဆိုသေးဘဲ ခြွင်းချန်၍၊ အဆိုကိုဆွေးနွေးဆဲ မည်သည့်အချိန်တွင်မဆိုပြောဆိုနိုင်သည်။

(၂) ကောင်စီလူကြီးအားလုံး ပြောဆိုခွင့်ရရှိပြီးနောက်၊ အဆိုရှင်သည်၊ ပြန်လည်ချေပသည့်အနေဖြင့် နောက်တကြိမ်ပြောဆိုနိုင်သည်။

(၃) အဆိုရှင်မှတပါး၊ အခြားမည်သည့်ကောင်စီလူကြီးမျှ အဆိုတခုခုနှင့်စပ်လျဉ်း၍၊ ရှင်းလင်းရန်ကိစ္စ အတွက် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရဘဲ တကြိမ်ထက်ပို၍ ပြောဆိုခြင်းမပြုရ။

(၄) ကောင်စီလူကြီးသည်၊ အဆိုနှင့်စပ်လျဉ်း၍ ပြောဆိုပြီးဖြစ်သော်လည်း၊ ထိုအဆိုတွင် ပြင်ဆင်ချက် နောက်ထပ်တင်သွင်းလျှင်၊ ထိုပြင်ဆင်ချက်နှင့်စပ်လျဉ်း၍ ထပ်မံပြောဆိုနိုင်သည်။

၄၃။ ။ (၁) ပြင်ဆင်ချက်အဆိုတင်သွင်းလျှင်၊ ထိုပြင်ဆင်ချက်ကို အခြားပြင်ဆင်ချက်တခုခုမတင်သွင်း မီ၊ ပြီးပြတ်အောင်ပြုလုပ်ရမည်။

(၂) ပြင်ဆင်ချက်အတွက် ရှေးဦးစွာ ဆန္ဒမဲယူရမည်။ ထိုပြင်ဆင်ချက်မဲရှုံးလျှင်၊ ဒုတိယပြင်ဆင်ချက် အဆို တင်သွင်းနိုင်သည်။ ဒုတိယပြင်ဆင်ချက်အဆိုကို ပဌမပြင်ဆင်ချက်နည်းတူပြုလုပ်ရမည်။ ဤနည်း အားဖြင့် တင်သွင်းသည့် ပြင်ဆင်ချက်အားလုံးကို ပြီးပြတ်အောင်ပြုလုပ်ရမည်။

၄၄။ ။ ပြင်ဆင်ချက်ဟူသမျှ မဲရှုံးလျှင်၊ မူလအဆိုအတွက် ဆန္ဒမဲရယူရမည်။

၄၅။ ။ ပြင်ဆင်ချက်တခုခုအတည်ဖြစ်လျှင်၊ ထိုသို့ပြင်ထားသည့်မူလအဆိုကို ထပ်မံဆွေးနွေးရန်သီးခြား အဆိုအဖြစ်မှတ်ယူရမည်။ ထိုအဆိုတွင် နောက်ထပ်ပြင်ဆင်ချက်အဆိုများတင်သွင်းနိုင်သည်။

၄၆။ ။ (၁) ကောင်စီကဆုံးဖြတ်ရမည့်ကိစ္စအသီးသီးကို ကောင်စီလူကြီးကအဆိုပြု၍၊ ဥက္ကဋ္ဌက ကောင်စီ သို့တင်ပြပြီးလျှင် များရာမဲဖြင့်ဆုံးဖြတ်ရမည်။ မဲအရေအတွက်ချင်းတူညီနေလျှင်၊ ဥက္ကဋ္ဌကဒုတိယမဲ၊ သို့ တည်းမဟုတ် အနိုင်မဲပေးနိုင်သည်။

(၂) မဲဆန္ဒများကို၊ အသံအားဖြင့်ဖြစ်စေ၊ လက်ထောင်ပြခြင်းအားဖြင့်ဖြစ်စေ၊ မဲခွဲခြင်းအားဖြင့်ဖြစ်စေ ရယူရမည့်ပြင်၊ မည်သည့်ကောင်စီလူကြီးကမဆို၊ မဲခွဲ၍ရယူစေလိုလျှင်၊ မဲခွဲ၍ရယူရမည်။

(၃) မဲခွဲ၍မဲဆန္ဒများရယူရမည့် နည်းစံနစ်ကို၊ ဥက္ကဋ္ဌကသတ်မှတ်ရမည်။

(၄) မဲခွဲသည့်အခါတိုင်း၊ များရာဘက်ရှိ ကောင်စီလူကြီးတို့၏အမည်၊ သို့တည်းမဟုတ်ဦးရေကိုသော် ၎င်း၊ အမည်နှင့် ဦးရေနှစ်မျိုးလုံးကိုသော်၎င်း၊ နည်းရာဘက်ရှိ ကောင်စီလူကြီးတို့၏အမည်၊ သို့တည်းမဟုတ် ဦးရေကိုသော်၎င်း၊ အမည်နှင့်ဦးရေနှစ်မျိုးလုံးကိုသော်၎င်း၊ မဲမပေးလိုသော ကောင်စီ လူကြီးတို့၏အမည်၊ သို့တည်းမဟုတ် ဦးရေသော်၎င်း၊ အမည်နှင့်ဦးရေ နှစ်မျိုးလုံးကိုသော်၎င်း၊ အစည်းအဝေးမတက်ရောက် သည့်ကောင်စီလူကြီးတို့၏ အမည်၊ သို့တည်းမဟုတ် ဦးရေကိုသော်၎င်း၊ အမည်နှင့်ဦးရေနှစ်မျိုးလုံးကို သော်၎င်း မှတ်တမ်းတွင် ရေးသွင်းရန်၊

မည်သည့်ကောင်စီလူကြီးကမဆို တောင်းဆိုနိုင်သည်။ ထိုသို့ တောင်းဆိုသည့်အခါ၊ ထိုလိုအပ်သော အကြောင်းအချက်လက်များကို၊ တောင်းဆိုသည့်အတိုင်း ရေးသွင်း ရမည်။

၄၇။ ။ အဆိုကိုဆွေးနွေးနေစဉ်၊ အောက်ပါအဆိုတခုခုမှတပါး၊ အခြားမည်သည့်အဆိုကိုမျှ နောက်ထပ် လက်မခံရ။

(က) "အဆိုကို အောက်ပါအတိုင်းပြင်ဆင်ရန်" ဟူသောပြင်ဆင်ချက်အဆို။

(ခ) "အဆိုဆွေးနွေးခြင်းကိုရွှေ့ဆိုင်းရန်" ဟူသော ဆွေးနွေးဆဲကိစ္စရွှေ့ဆိုင်းသည့်အဆို။

(ဂ) "အဆိုဆွေးနွေးခြင်းကို၊ ယခုပင်ရွှေ့ဆိုင်းရန်" ဟူသော ဆွေးနွေးခြင်းရွှေ့ဆိုင်းသည့်အဆို။

(ဃ) "ကောင်စီအစည်းအဝေးကို၊ ယခုပင်ရွှေ့ဆိုင်းရန်" ဟူသော ကောင်စီအစည်းအဝေးရွှေ့ဆိုင်းသည့် အဆို။

(င) " ကောင်စီကအဆိုကို၊ ယခုပင်မဲဆန္ဒပေးရန်" ဟူသော ဆွေးနွေးခြင်းရပ်စဲသည့်အဆို။

(စ) "ကောင်စီကအဆိုကိုဆွေးနွေးနေမည့်အစား၊ လုပ်ငန်းအစီအစဉ်ပါ နောက်အချက်ကို ကူးပြောင်း ဆွေးနွေးရန်" ဟူသော ဆွေးနွေးဆဲ ကိစ္စပျက်ပြယ်စေသည့်အဆို။

၄၈။ ။ ပြင်ဆင်ချက်ကို ဆွေးနွေးနေစဉ်၊ အောက်ပါအဆိုတခုခုမှတပါး၊ အခြားမည်သည့်အဆိုကိုမျှ နောက်ထပ်လက်မခံရ။

(က) "ပြင်ဆင်ချက်ဆွေးနွေးခြင်းကို ယခုပင်ရွှေ့ဆိုင်းရန်" ဟူသော ပြင်ဆင်ချက်ဆွေးနွေးခြင်းကို ရွှေ့ ဆိုင်းသည့်အဆို။

(ခ) "ကောင်စီအစည်းအဝေးကို၊ ယခုပင်ရွှေ့ဆိုင်းရန်" ဟူသော ကောင်စီအစည်းအဝေးရွှေ့ဆိုင်းသည့် အဆို။

(ဂ) "ကောင်စီကပြင်ဆင်ချက်ကို၊ ယခုပင်မဲဆန္ဒပေးရန်" ဟူသော ပြင်ဆင်ချက်ဆွေးနွေးခြင်းကို ရပ်စဲ ရန်အဆို။

(ဃ) "ကောင်စီက၊ ပြင်ဆင်ချက်ကို ဆွေးနွေးနေမည့်အစား၊ မူလတင်သွင်းမည့်အစား၊ မူလတင်သွင်း သည့်အဆိုကို ပြန်လည်ဆွေးနွေးရန်" ဟူသော ဆွေးနွေးဆဲပြင်ဆင်ချက်ပျက်ပြယ်စေသည့်အဆို။

၄၉။ ။ ဆွေးနွေးဆဲကိစ္စရွှေ့ဆိုင်းသည့်အဆိုတွင်၊ ထိုကိစ္စနောက်ထပ်ဆွေးနွေးရန်နေ့ရက်ကို၊ သီးခြား ဖေါ် ပြနိုင်သည်၊ သို့တည်းမဟုတ် အကန့်အသတ်မရှိ ရွှေ့ဆိုင်းနိုင်သည်။

၅၀။ ။ ဆွေးနွေးဆဲ ကိစ္စရွှေ့ဆိုင်းသည့်အဆို အတည်ဖြစ်လျှင်၊ ကောင်စီသည်၊ လုပ်ငန်းအစီအစဉ်ပါ နောက်ကိစ္စကို ကူးပြောင်းဆွေးနွေးရမည်။ ထိုကိစ္စကိုမူ၊ နောက်ကျင်းပသည့် ကောင်စီ၏သာမန်အစည်း အဝေးတွင် ပြန်လည်ဆွေးနွေးရမည်။ ဆွေးနွေးဆဲကိစ္စရွှေ့ဆိုင်းရန် အဆိုတင်သွင်းသူသည်၊ ထိုကိစ္စကို ပြန်လည်ဆွေးနွေးသည့်အခါ၊ ရှေးဦးစွာပြောဆိုခွင့်ရရှိစေရမည်။

၅၁။ ။ ကောင်စီအစည်းအဝေးရွှေ့ဆိုင်းသည့်အဆို အတည်ဖြစ်လျှင်၊ ဆွေးနွေးဆဲကိစ္စကို၊ လုပ်ငန်းအစီ အစဉ်မှ ထုတ်ပယ်ရမည်။

၅၂။ ။ ကောင်စီအစည်းအဝေးရွှေ့ဆိုင်းရန် အဆိုတင်သွင်း၍၊ ထောက်ခံသောအခါ၊ ဥက္ကဋ္ဌ၊ သို့တည်းမ ဟုတ် သဘာပတိဆိုင်သင့်ရာရာသည်၊ ထိုအဆိုအတွက် ဆန္ဒမယူမီ၊ ကန့်ကွက်သူမရှိသည့်အလုပ်ကိစ္စကို၊ အစည်းအဝေးမရုပ်သိမ်းမီ၊ ဆက်လက်ဆောင်ရွက်မည် မဆောင်ရွက်မည်ဟူသောအကြောင်းနှင့်စပ်လျဉ်း ၍၊ ကောင်စီ၏ သဘောထားကို ရယူပိုင်ခွင့်ရှိရမည်။



Myanmar Law Information System (MLIS)

၅၃။ ။ ဆွေးနွေးခြင်းရပ်စဲရန် အဆိုကိုတင်သွင်း၍၊ ထောက်ခံပြီးနောက် ဆွေးနွေးခြင်းမပြုဘဲ၊ ဥက္ကဋ္ဌ၊ သို့တည်းမဟုတ် သဘာပတိဆိုင်သင့်ရာရာက၊ အခြားနည်းမဆုံးဖြတ်လျှင်၊ ချက်ခြင်းဆန္ဒမဲရယူရမည်။ ထိုအဆိုအတည်ဖြစ်လျှင်၊ ဆွေးနွေးဆဲအဆို၊ သို့တည်းမဟုတ် ပြင်ဆင်ချက်ကို၊ ကောင်စီကချက်ခြင်းဆန္ဒ မဲပေးရမည်။

၅၄။ ။ ဆွေးနွေးဆဲကိစ္စ၊ သို့တည်းမဟုတ် ပြင်ဆင်ချက် ပျက်ပြယ်စေရန်အဆိုကို တင်သွင်း၍၊ ထောက်ခံ ပြီးနောက် ဆွေးနွေးခြင်းမပြုဘဲ၊ ချက်ခြင်းဆန္ဒမဲယူရမည်။ ထိုအဆိုအတည်ဖြစ်လျှင်၊ ထိုအဆိုနှင့်သက် ဆိုင်သည့်အဆို၊ သို့တည်းမဟုတ် ပြင်ဆင်ချက်ကို (အထက်ပါနည်းဥပဒေ ၄၇ နှင့် ၄၈ကို ကြည့်) လုပ်ငန်း အစီအစဉ်မှ ထုတ်ပယ်ရမည်။

၅၅။ ဆွေးနွေးနေစဉ်အတွင်း ရှင်းလင်းရန် ကိစ္စကြောင့် ဖြစ်စေ၊ အခြားလုံလောက်သောအကြောင်းတခု ခုကြောင့်ဖြစ်စေ ကောင်စီလူကြီးတဦးဦးသည်၊ ကောင်စီကဆွေးနွေးလျက်ရှိသည့် အလုပ်ကိစ္စနှင့်စပ် လျဉ်း၍၊ အခြားကောင်စီလူကြီးတဦးဦးအားမေးခွန်းမေးမြန်းရမည်ဖြစ်လျှင်၊ ဥက္ကဋ္ဌမှတဆင့်မေးမြန်းရ မည်။

၅၆။ ။ ဥက္ကဋ္ဌသည်၊ ကိစ္စတခုခုနှင့်စပ်လျဉ်း၍၊ ကောင်စီလူကြီးများ၏ မဲဆန္ဒများကို ဖြန့်ချီစာဖြင့်၊ မိမိ သဘောအတိုင်းရယူနိုင်သည်။ ထိုကိစ္စများကို၊ မဲများရာဖြင့် ဆုံးဖြတ်ရမည်။ ထိုကိစ္စနှင့်စပ်လျဉ်းသည့် မှတ်တမ်းကို၊ နောက်အကြိမ်ကျင်းပသည့် ကောင်စီအစည်းအဝေးမှတ်တမ်းများတွင် ဖြည့်သွင်းရမည်။

## ၅။ ။ ကောင်စီအစည်းအဝေးမှတ်တမ်းများ။

၅၇။ ။ ကောင်စီအစည်းအဝေးမှုခင်းကိစ္စများကို၊ ပုံနှိပ်မှတ်တမ်းများအဖြစ် ထားရှိရမည်။ ထိုမှတ်တမ်း များကို အတည်ပြုပြီးနောက်၊ ဥက္ကဋ္ဌ၊ သို့တည်းမဟုတ်သဘာပတိဆိုင်သင့်ရာရာက မှန်ကြောင်းလက် မှတ်ရေးထိုးရမည်။ ကောင်စီလူကြီးအသီးသီးသည် အစည်းအဝေးမှုခင်းမှတ်တမ်းစာကြမ်းကို၊ ရရှိသည့် နေ့ရက်မှ ပြက္ခဒိန်လတလအတွင်း၊ ထိုမှတ်တမ်းတွင်ပါရှိသည့်အတိုင်းလက်ခံကြောင်း၊ လက်မခံကြောင်း မှတ်ပုံတင်အရာရှိထံစာဖြင့် အကြောင်းကြားရမည်။ ကောင်စီလူကြီးတဦးက ပြင်ဆင်ချက်တခုခုပြုလုပ် ရန် လိုအပ်သည်ဟုယူဆလျှင်၊ ထိုလိုအပ်သည့် ပြင်ဆင်ချက်ကို မှတ်ပုံတင်အရာရှိအား အကြောင်းကြား ရမည်။ မှတ်ပုံတင်အရာရှိသည်၊ ထိုကိစ္စတွင် ဥက္ကဋ္ဌ၏ အမိန့်ကို ရယူရမည့်ပြင်၊ ထိုသို့လိုအပ်သည့်အ တိုင်း ပြုလုပ်သည့်ပြင်ဆင်ချက်၊ သို့တည်းမဟုတ် ပြင်ဆင်ချက်များကိုလည်း၊ ကောင်စီလူကြီးအားလုံး သိရှိအောင်ဝေငှရန် လိုအပ်လျှင်ဝေငှရမည်။

၅၈။ ။ အစည်းအဝေးအသီးသီး၏မှတ်တမ်းများကို ပုံနှိပ်ရမည်။ ထိုမှတ်တမ်းများကို၊ အတည်မပြုသေး မီ၊ "လျှို့ဝှက်စွာ" ဟုရေးမှတ်ပြီးလျှင်၊ အစည်းအဝေးကျင်းပသည့်နေ့ရက်မှ ရက်ပေါင်းသုံးဆယ်အတွင်း ကောင်စီလူကြီးအသီးသီးထံပေးပို့ရမည်။

၅၉။ ။ ထိုအစည်းအဝေးတွင် တင်သွင်းအတည်ပြုသည့်၊ သို့တည်းမဟုတ် ထိုအစည်းအဝေးကပယ်သည့် အဆိုများနှင့် ပြင်ဆင်ချက်များကို၊ အဆိုရှင်နှင့်ထောက်ခံသူတို့၏အမည်များနှင့်တကွ၊ ထိုအစည်းအဝေး မှတ်တမ်းများတွင် ရေးမှတ်ထားရမည်။ ထိုအစည်းအဝေးတွင် ကောင်စီလူကြီးတဦးဦးပြုသည့် ဝေဘန် ချက်၊ သို့တည်းမဟုတ် မှတ်ချက်ကို ထိုမှတ်တမ်းတွင် မရေးမှတ်ရ။

Myanmar Law Information System (MLIS)

၆၀။ ။ ထိုမှတ်တမ်းများကို ဘတ်ကြားပြီးဖြစ်သည်ဟု မှတ်ယူရမည်။ သို့ရာတွင် မည်သည့်ကောင်စီ လူ ကြီးကမဆို ထိုမှတ်တမ်းတွင် လိုအပ်မည်ထင်သော ပြင်ဆင်ချက်၊ သို့မဟုတ် ဖြည့်သွင်းချက်ကို ပြုလုပ် စေခြင်းငှါ၊ ထိုမှတ်တမ်းကိုဘတ်ကြားရန် အဆိုတင်သွင်းနိုင်သည်။

၆၁။ ။ ကောင်စီက အကြောင်းအရာတခုခုနှင့်စပ်လျဉ်း၍ နည်းဥပဒေသစ်ကိုသော်၎င်း၊ ပြင်ဆင်ထား သော နည်းဥပဒေကိုသော်၎င်း အတည်ပြုလျှင်၊ ထိုနည်းဥပဒေသစ်သည်၊ သို့တည်းမဟုတ် ထိုပြင်ဆင် ထားသော နည်းဥပဒေသည်၊ အဆိုပါအကြောင်းအရာတွင် ယခင်နည်းဥပဒေများပေါ်၌ မည်သို့အကျိုး သက်ရောက်သည်နှင့် စပ်လျဉ်း၍ နည်းလမ်းတကျဖြစ်သော ဖေါ်ပြချက်ကို မှတ်တမ်းများတွင် ထည့် သွင်းရမည်။

၆၂။ ။ မည်သည့်ကောင်စီညီလာခံကိုမဆို ရုပ်သိမ်းပြီးသည့်နောက်၊ အဆိုပါ ညီလာခံတွင် အတည်ပြုပြီး သည့်မှတ်တမ်းများကို ကောင်စီလူကြီးအသီးသီးထံတစောင်စီပေးပို့ရမည်။

၆၃။ ။ ကောင်စီညီလာခံမှတ်တမ်းများကို၊ အပြီးသတ်ပြန်လည်ကြည့်ရှုပြီးသည့်နောက်၊ ကောင်စီညီလာ ခံရုပ်သိမ်းပြီးသည့်အခါ၊ အခွင့်သင့်လျှင်သင့်ခြင်း၊ ၎င်းတို့ကို စာရွက်များတွင် စုပေါင်း၍ အစီအစဉ်အ တိုင်း စာမျက်နှာအမှတ်ထိုးတပ်လျက်၊ နှစ်စဉ်မှတ်တမ်းစာအုပ်တွင် ထည့်သွင်းရန်အလို့ငှါ၊ သိမ်းဆည်း ထားရှိရမည်။

**၆။ ။ အမှုဆောင်ကော်မီတီ။**

၆၄။ ။ အမှုဆောင်ကော်မီတီတွင်၊ ကောင်စီသစ်ရွေးကောက်တင်မြှောက်သည့်နှစ်မှတပါး၊ အခြားနှစ်အ သီးသီးတွင် ပဋ္ဌမအကြိမ်ကျင်းပသည့် ကောင်စီအစည်းအဝေး၌ မဲဆန္ဒပေးစံနစ်ဖြင့် ရွေးကောက်တင် မြှောက်သည့် ကောင်စီ၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကောင်စီလူကြီးငါးဦးပါဝင်ရမည်။ ကောင်စီသစ် ရွေးကောက်တင်မြှောက်သည့်နှစ်၌၊ ကောင်စီသစ်တွင် ပါဝင်သည့် လူကြီးအားလုံးသို့ လျှို့ဝှက်ဖြန့်ချီစာ ပေးပို့၍ မဲဆန္ဒရယူရမည်။ ဤကိစ္စ၌ ထိုမဲဆန္ဒပေးခြင်းကို ကြပ်ကြပ်တည်းတည်းလျှို့ဝှက်ထားရမည်။

၆၅။ ။ အမှုဆောင်ကော်မီတီသည်၊ ဥက္ကဋ္ဌကသတ်မှတ်သည့် နေ့ရက်တွင်သာမန်အားဖြင့် စည်းဝေးရ မည်။ ဥက္ကဋ္ဌမရှိလျှင်၊ ဒုတိယဥက္ကဋ္ဌသည်၊ အစည်းအဝေး၌ သဘာပတိအဖြစ်ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌနှင့် ဒုတိ ယဥက္ကဋ္ဌနှစ်ဦးလုံးမရှိလျှင်၊ တက်ရောက်သော အမှုဆောင်ကော်မီတီလူကြီးများက၊ ထိုအစည်းအဝေး၌ သဘာပတိအဖြစ် ဆောင်ရွက်ရန် တက်ရောက်သော အမှုဆောင်ကော်မီတီလူကြီးများထဲမှ သဘာပတိတ ဦးကို ရွေးကောက်တင်မြှောက်ရမည်။

၆၆။ ။ အမှုဆောင်ကော်မီတီအစည်းအဝေးသို့ ဥက္ကဋ္ဌ၊ သို့တည်းမဟုတ် သဘာပတိ အပါအဝင် အမှု ဆောင်ကော်မီတီလူကြီးလေးဦးတက်ရောက်လျှင်၊ အစည်းအဝေးအထမြောက်ရမည်။

၆၇။ ။ အမှုဆောင်ကော်မီတီအစည်းအဝေးမကျင်းပသည့် ကြားကာလအတွင်း အမှုဆောင်ကော်မီတီ လူကြီးနေရာတခုခုလစ်လပ်လျှင်၊ ကော်မီတီလူကြီးများက၊ ထိုလစ်လပ်သောနေရာကို ဖြည့်သွင်းပိုင်ခွင့် ရှိရမည်။ သို့သော်လည်း ကောင်စီအစည်းအဝေးကျင်းပရန် ဘိတ်ကြားစာထုတ်ဝေထားပြီးဖြစ်လျှင်၊ ထိုလစ်လပ်သောနေရာကို ဖြည့်သွင်းရန် ကောင်စီကပင် ရွေးကောက်တင်မြှောက်ရမည်။

Myanmar Law Information System (MLIS)

၆၈။ ။ (၁) အမှုဆောင်ကော်မီတီသည်၊ မိမိတို့၏ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အစည်းအဝေးမှတ် တမ်းများကို ထားရှိရမည့်ပြင်၊ ၎င်းမှတ်တမ်းများကိုအမှုဆောင်ကော်မီတီလူကြီးများသို့လည်း ဖြန့်ချီရ မည်။ ကော်မီတီလူကြီးအသီးသီးသည်၊ အစည်းအဝေးဆောင်ရွက်ချက်မှတ်တမ်းစာကြမ်းကို၊ ရရှိသည့် နေ့ရက်မှပြက္ခဒိန်လတလအတွင်း၊ ထိုမှတ်တမ်းတွင်ပါရှိသည့်အတိုင်း လက်ခံကြောင်း၊ လက်မခံကြောင်း ကို မှတ်ပုံတင်အရာရှိအား စာဖြင့်အကြောင်းကြားရမည်။ ကော်မီတီလူကြီးတဦးကပြင်ဆင်ချက်တခုခုပြု လုပ်ရန် လိုအပ်သည်ဟု ယူဆလျှင်၊ ထိုလိုအပ်သည့်ပြင်ဆင်ချက်ကို မှတ်ပုံတင်အရာရှိအား အကြောင်း ကြားရမည်။ မှတ်ပုံတင်အရာရှိသည်၊ ထိုကိစ္စတွင် ဥက္ကဋ္ဌ၏ အမိန့်ကိုရယူရမည့်ပြင်၊ ထိုသို့လိုအပ်သည့် အတိုင်းပြုလုပ်သည့်ပြင်ဆင်ချက်၊ သို့တည်းမဟုတ် ပြင်ဆင်ချက်များနှင့်စပ်လျဉ်းသည့် အကြောင်းကြား ချက်ကိုလည်း အမှုဆောင်ကော်မီတီလူကြီးအားလုံးထံသို့ ဖြန့်ချီရန် လိုအပ်လျှင်ဖြန့်ချီရမည်။

(၂) အမှုဆောင်ကော်မီတီအစည်းအဝေးများ၏ မှတ်တမ်းများကို ပုံမနှိပ်ရ။ သို့ရာတွင် ထိုမှတ်တမ်းများ ကို အတည်မပြုသေးသမျှ ကာလပတ်လုံး မှတ်တမ်းအစောင်အသီးသီးကို “လျှို့ဝှက်စွာ” ဟု မှတ်သား ထားပြီးလျှင်၊ ကောင်စီလူကြီးအသီးသီးထံပေးပို့ရမည်။ အပြီးသတ်အတည်ပြုပြီးသည့် မှတ်တမ်းများ ၏ မိတ္တူတစောင်ကိုလည်း အမှုဆောင်ကော်မီတီလူကြီးအသီးသီးနှင့် ကောင်စီလူကြီးအသီးသီးထံပေးပို့ရ မည်။

၆၉။ ။ (၁) မှတ်ပုံတင်အရာရှိသည်၊ နှစ်စဉ်ဇန္နဝါရီလအတွင်း၊ ယခင်ဒီဇဘာလ ၃၁ ရက်နေ့၌၊ ဆရာဝန် မှတ်ပုံစာရင်းတွင်အမည်များပါရှိသူအားလုံး၏ စာရင်းမှန်ကို၊ နောက်အပိုဒ်တွင် ပြဋ္ဌာန်းသည့် ညွှန်ကြား ချက်များအရ၊ ပုံနှိပ်၍ထုတ်ဝေစေရမည်။

(၂) အမှုဆောင်ကော်မီတီသည်၊ ဤနည်းဥပဒေများဆိုင်ရာနောက်ဆက်တွဲပါ ပုံစံ ၄ ဖြင့်၊ နှစ်စဉ် ဆရာဝန် စာရင်းထုတ်ပြန်ခြင်းကို ကြီးကြပ်ရမည့်ပြင်၊ ထိုစာရင်းတွင် အဆိုပါဆရာဝန်စာရင်းစာအုပ်များ ဝေ သည့်စာရင်းကိုလည်း နှစ်စဉ်ထည့်သွင်းပုံနှိပ်ရမည်။

(၃) အောက်ပါအကြောင်းအရာကို၊ နှစ်စဉ်ဆရာဝန်စာရင်းတွင် ရေးသွင်းရမည်။

(က) စာရင်းပါသူဦးရေစုစုပေါင်း။

(ခ) ထိုနှစ်အတွင်း မှတ်ပုံတင်၍ဖြည့်သွင်းသူဦးရေ။

(ဂ) ဆရာဝန်မှတ်ပုံစာရင်းတွင် ပြန်သွင်းသူဦးရေ။

(ဃ) အဆိုပါ မှတ်ပုံစာရင်းမှ ထုတ်ပယ်ထားသူဦးရေ။ ၎င်းတို့အမည်ကို အက်ဥပဒေပါမည်သည့် ပုဒ်မအ ရ၊ ထုတ်ပယ်ကြောင်း ဖော်ပြရမည်။ ထို့ပြင်

(င) သေဆုံး၍ ထုတ်ပယ်လိုက်သူဦးရေ။

(၄) အမှုဆောင်ကော်မီတီသည်၊ မိမိတို့လိုအပ်သည်ဟု ထင်မြင်လျှင်၊ ဆရာဝန်စာရင်းအပြည့်အစုံ ပါသည့် စောင်ရေကို လေးနှစ်တကြိမ်မှာယူရမည်။

(၅) လိုအပ်လျှင်၊ ယခင်ဒီဇဘာလ ၃၁ ရက်နေ့နောက်မှ မှတ်ပုံတင်သည့် ဆရာဝန်အားလုံးပါသော ထပ် ဖြည့်စာရင်းကို နှစ်စဉ်ဆရာဝန်စာရင်းပြုလုပ်သည့် နည်းအတိုင်း အမှုဆောင်ကော်မီတီ၏အခွင့်အမိန့်အ ရပြုလုပ်ရမည်။

Myanmar Law Information System (MLIS)

(၆) အမှုဆောင်ကော်မီတီသည်၊ နှစ်စဉ်ဆရာဝန် စာရင်းနှင့်ထပ်ဖြည့်စာရင်း၏ အဘိုးနှုန်းကိုသတ်မှတ် ရမည်။

၇၀။ ။ ကောင်စီညီလာခံမရှိသည့်အခါ၊ မှတ်ပုံတင်အရာရှိသေဆုံးလျှင်၊ သို့တည်းမဟုတ် မကျန်းမာ၍ မစွမ်းဆောင်နိုင်လျှင်၊ အမှုဆောင်ကော်မီတီသည်၊ မှတ်ပုံတင်အရာရှိ၏တာဝန်ဝတ်တရားများကို၊ ယာယီ ဆောင်ရွက်ရန် ပုဂ္ဂိုလ်တဦးကိုခန့်ထားရမည်။

၇၁။ ။ အမှုဆောင်ကော်မီတီသည်၊ ကောင်စီသတိပြုသင့်သည်ထင်မြင်သော မည်သည့်အကြောင်းအရာ များကိုမဆို စဉ်းစားဆင်ခြင်၍ အစီရင်ခံစာများရေးသားရမည်။ ထိုသို့သောအစီရင်ခံစာများကို ရိုက်နှိပ်၍ ကောင်စီအစည်းအဝေးမကျင်းပမီ၊ အနည်းဆုံးရက်သတ္တတပတ်က ကြိုတင်လျက် ကောင်စီလူကြီးများ ထံ ဖြန့်ချိရမည်။

၇၂။ ။ မိမိတို့အားလွှဲအပ်ထားသည့် အလုပ်ကိစ္စကို နည်းလမ်းအကျ ဆောင်ရွက်ရန်အလို့ငှါ လိုအပ်သော အကြောင်းအရာများကို ဆရာဝန်လိုင်စင်ထုတ်ပေးရေးအဖွဲ့များထံမှ တောင်းဆိုနိုင်ခွင့်အာဏာကို အမှု ဆောင်ကော်မီတီအားအပ်နှင်းထားရမည်။

၇၃။ ။ ဆေးအတတ်ပညာ စာမေးပွဲများကို ဆိုင်ရာအစီရင်ခံစာရင်းများနှင့် စာမေးပွဲအောင်စာရင်းများ ကို၊ အမှုဆောင်ကော်မီတီအား ပေးအပ်ရမည်။ အမှုဆောင်ကော်မီတီသည်၊ ကောင်စီသို့တင်ပြရမည့် အဆိုပါ စာမေးပွဲများ၌ အအောင်အကျဖယားကို နှစ်စဉ်ပြုလုပ်ရမည်။

၇၄။ ။ မှတ်တမ်းစာအုပ်များ ပုံနှိပ်ခြင်းကို အမှုဆောင် ကော်မီတီ၏ ညွှန်ကြားချက်အရပြုလုပ်ရမည်။

၇၅။ ။ ကောင်စီသည်၊ အက်ဥပဒေပုဒ်မ ၁၆ အရ၊ ဆရာဝန်မှတ်ပုံစာရင်းမှ ထုတ်ပယ်ထားသူတဦးဦး၏ အမည်ကို၊ မိမိတို့သင့်တော်သည့်ထင်မြင်လျှင်၊ ထိုစာရင်းတွင် ပြန်သွင်းရမည်။ သို့သော်လည်း အက်ဥပ ဒေ ပုဒ်မ ၁၆ အရ၊ ထုတ်ပယ်ထားသူ၏ အမည်ကို ဆရာဝန်မှတ်ပုံစာရင်းတွင် ပြန်သွင်းရန် တင်သွင်း သော မည်သည့်လျှောက်လွှာကိုမျှ၊ ၎င်းလျှောက်လွှာနှင့်အတူ၊ လျှောက်ထားသူက ထိုအမှု၏ အဖြစ်အ ပျက်အကြောင်းအရာများဖော်ပြလျက်၊ ၎င်းသည် မူလက မှတ်ပုံတင်ထားသည်ဟုဖော်ပြသောလျှောက် ထားသူ၏ ဖော်ပြချက်နှင့်အက်ဥပဒေအရ၊ မှတ်ပုံတင်ထားသည် ဆရာဝန်နှစ်ဦးထံမှ ထိုသူဟုတ်မှန် ကြောင်း သက်သေခံလက်မှတ်ဖြစ်စေ၊ လျှောက်ထားသူသည်၊ နိုင်ငံခြားတွင် နေထိုင်သူဖြစ်လျှင်၊ ရာဇ ဝတ်တရားသူကြီးနှစ်ဦးကသော်၎င်း၊ ပြန်တမ်းဝင်အရာရှိနှစ်ဦး၊ သို့တည်းမဟုတ် ပြန်တမ်းဝင်အရာရှိနှင့် တန်းတူအရာရှိနှစ်ဦးကသော်၎င်း လက်မှတ်ရေးထိုးသည့် သက်သေခံလက်မှတ်ဖြစ်စေ မပါရှိလျှင်၊ လက် မခံရ။

၇၆။ ။ ကောင်စီသို့ တင်သွင်းသော လျှောက်လွှာအားလုံးကို၊ ကောင်စီက စဉ်းစားဆင်ခြင်ခြင်းမပြုမီ၊ စစ်ဆေး၍အစီရင်ခံရန် အမှုဆောင်ကော်မီတီသို့ လွှဲအပ်ရမည်။

၇၇။ ။ ကောင်စီညီလာခံကျင်းပမည့်ဆဲဆဲတွင်သော်၎င်း၊ ကောင်စီညီလာခံကျင်းပနေစဉ်အတွင်းသော် ၎င်း ကောင်စီသို့တင်သွင်းသည့် လျှောက်လွှာအားလုံးကို၊ ဤနည်းဥပဒေနှင့်တဆက်တည်းဖြစ်သည့် အထက်နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ညီလာခံဆိုင်ရာ စားပွဲပေါ်တွင် တင်ထားရ မည်။

၇၈။ ။ အမှုဆောင်ကော်မီတီအား၊ အက်ဥပဒေ၏ဇယားတွင် ထည့်သွင်းပြီးသည့်၊ သို့တည်းမဟုတ် ထည့်သွင်းရမည့် ဒီပလိုမာလက်မှတ်များ မှတ်ပုံတင်ခြင်းနှင့်သက်ဆိုင်သည့်ကိစ္စအားလုံးကို၊ အက်ဥပဒေ ပုဒ်မ ၁၄ အရ

Myanmar Law Information System (MLIS)

အကျိုးသက်ရောက်စေရန် အလို့ငှါ၊ စုံစမ်းစစ်ဆေးရန် အာဏာအပ်နှင်းရမည့်ပြင်၊ အမှု ဆောင်ကော်မီတီသည်၊ မိမိတို့စဉ်းစားဆင်ခြင်၍ ရသည့် ယူဆချက်ကိုလည်း ကောင်စီအား အစီရင်ခံရ မည်။

၇၉။ ။ အမှုဆောင်ကော်မီတီသည်၊ ရှေ့ပြေးအရပ်ရပ် ပညာသင်ကြားရေး၊ ရှေ့ပြေးစာမေးပွဲနှင့်၎င်း၊ ပြည်သူ့ကျန်းမာရေးနှင့်နိုင်ငံတော်ဆေးပညာဆိုင်ရာ ဒီကရီဘွဲ့များ၊ ဒီပလိုမာလက်မှတ်များအတွက် သင်တန်းနှင့်စာမေးပွဲများအပါအဝင် အတတ်ပညာသင်ရိုးသင်တန်း အတတ်ပညာဆိုင်ရာ စာမေးပွဲများနှင့်၎င်း၊ ထို စာမေးပွဲများသို့ သွားရောက်ကြည့်ရှုမှုနှင့်၎င်း သက်ဆိုင်သည့် ကိစ္စအရပ်ရပ်ကို စဉ်းစားဆင်ခြင်၍၊ ကောင်စီသို့ အစီရင်ခံရမည်။

၈၀။ ။ အမှုဆောင်ကော်မီတီသည်၊ ကောင်စီက ၎င်း၏အစည်းအဝေးများတွင်သော်၎င်း၊ ဥက္ကဋ္ဌကအခြားအချိန်အခါတွင်သော်၎င်း ညွှန်ကြားထားသည့်အကြောင်းအရာများနှင့်စပ်လျဉ်း၍၊ အစီရင်ခံစာများကို၊ စီစဉ်ရေးသားရမည်။ ထိုအစီရင်ခံစာများကို၊ ကော်မီတီက အပြီးသတ် သဘောတူသောအခါ၊ ကောင်စီသို့ တင်ပြရမည်။

**၇။ ။ ကောင်စီများသို့ တက်ရောက်သည့်အတွက် ပေးရသော အခကြေးငွေများနှင့်အခြားကုန်ကျစရိတ်များ။**

၈၁။ ။ ကောင်စီသို့၎င်း၊ အမှုဆောင်ကော်မီတီသို့၎င်း တက်ရောက်ရသည့်အတွက် ပေးရမည့်အခ ကြေးငွေများနှင့် ခရီးစရိတ်များမှာ၊ အောက်ပါနည်းဥပဒေများတွင် ဖော်ပြထားသည့်နှုန်းအတိုင်းဖြစ်ရ မည်။

၈၂။ ကောင်စီအစည်းအဝေးသို့ဖြစ်စေ၊ အမှုဆောင်ကော်မီတီအစည်းအဝေးသို့ဖြစ်စေ တက်ရောက်ရသည့် အတွက် အစိုးရအမှုထမ်းမဟုတ်သည့် ကောင်စီလူကြီးအသီးသီးအား၊ တနေ့လျှင် ကျပ်နှစ်ဆယ်နှုန်းဖြင့် အခကြေးငွေများပေးရမည်။

၈၃။ ။ ကောင်စီလူကြီးအားလုံး၏ ခရီးစရိတ်များကို၊ မြန်မာနိုင်ငံခရီးစရိတ်နည်းဥပဒေများအရ သတ် မှတ်ထားသည့်နှုန်းများအတိုင်းပေးရမည်။ ထိုခရီးစရိတ်များကို ကောင်စီကကျခံရမည်။

၈၄။ ။ အက်ဥပဒေပုဒ်မ ၁၂ ပါ နောက်ဆုံးခြွင်းချက်အရ မှတ်ပုံတင်ရန် လျှောက်ထား၍၊ ကောင်စီက ခန့်ထားသော အထူးစာစစ်သူများအဖွဲ့က ကျင်းပသည့်စာမေးပွဲကို ဝင်ရောက်ဖြေဆိုသူအသီးသီးသည်၊ စာမေးပွဲဝင်ကြေး ကျပ်နှစ်ရာပေးရမည်။

၈၅။ ။ အက်ဥပဒေ၏ ဇယားအပိုဒ် ၅ တွင် ရည်ညွှန်းသည့် စာမေးပွဲကို ဝင်ရောက်ဖြေဆိုသူအသီးသီးအ တွက် ကျပ်ငါးဆယ်ထက်မပိုသော အခကြေးငွေကို၊ အထူးအဖွဲ့တွင်ပါဝင်သည့် စာစစ်သူအသီးသီးနှင့် ဥက္ကဋ္ဌအားပေးရမည်။

**၈။ ။ မှတ်ပုံတင်ခြင်း။**

၈၆။ ။ မှတ်ပုံတင်အရာရှိသည်၊ ဆရာဝန်မှတ်ပုံစာရင်းကို ဤနည်းဥပဒေများ၏ နောက်ဆက်တွဲပါ ပုံစံ အမှတ် ၅ အတိုင်းထားရှိရမည်။

၈၇။ ။မှတ်ပုံတင်အရာရှိသည်၊ မှတ်ပုံစာရင်းတွင်၊ အက်ဥပဒေအရ မှတ်ပုံတင်ထားသူအသီးသီး၏အမည် ကို၊ ၎င်း၏နေရပ်၊ ရာထူးအရည်အချင်းများနှင့်တကွ အရည်အချင်းအသီးသီးပေးအပ်သည့်နေ့စွဲပါ၊ ထိုသို့ မှတ်ပုံစာရင်းသွင်းရန် တင်သွင်းသည့်လျှောက်လွှာများကို မှတ်ပုံတင်ခွင့်ပြုသည့် အစီအစဉ်အတိုင်း ရေး သွင်းရမည်။ ထို့ပြင်အရည်အချင်းများတွင် နောင်အခါထပ်ဖြည့်ရန်၊ သို့တည်းမဟုတ် ပြောင်းလဲရန် အ တွက်၎င်း၊ ရေးသွင်းချက်အသီးသီးတွင် ထပ်ဖြည့်ရန်အတွက်၎င်း လုံလောက်သောနေရာကွက်လပ်ချန် ထားရမည်။

Myanmar Law Information System (MLIS)

၈၈။ ။ အက်ဥပဒေအရ မှတ်ပုံတင်ရန် လျှောက်ထားသူအသီးသီးသည်၊ မှတ်ပုံတင်ခ ကျပ်တရာပေး ဆောင်ရမည်။ မြန်မာနိုင်ငံပြင်ပမှ အရည်အချင်းများရရှိသည့် ပြည်ထောင်စုမြန်မာနိုင်ငံသား မဟုတ်သူ များဖြစ်လျှင်၊ မှတ်ပုံတင်ခ ကျပ်တရာ့ငါးဆယ်ပေးဆောင်ထိုက်စေရမည်။

**ခြွင်းချက်** ။ ။ သို့ရာတွင် မှတ်ပုံတင်ရန် လျှောက်ထားသူသည်၊ ဥက္ကဋ္ဌ၏ ထင်မြင်ချက်အရ၊ အကျင့်စာရိတ္တချွတ်ယွင်းသည့် သဘောရောက်သော ပြစ်မှုတခုခုထင်ရှားစီရင်ခြင်းခံရကြောင်းဖြင့်သော်၎င်း၊ ပညာရှင်လုပ်ငန်းနှင့်စပ်လျဉ်း၍ မအပ်မရာကျင့်မိစ္ဆာပြုကျင့်ကြောင်း ယုတ္တိရှိသည့်အပြုအမူကို ကျူးလွန်သည်ဟုသော်၎င်း ကောင်စီရုံးသို့ သတင်းရောက်ရှိလျှင်၊ မှတ်ပုံတင်အရာရှိသည်၊ ညွှန်ကြားချက်အရ၊ ဤနည်းဥပဒေများ၌ အခန်း ၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း အရေးယူဆောင်ရွက်ရမည်။

၈၉။ ။ အက်ဥပဒေပုဒ်မ ၂၀ အရ ပြန်လည်မှတ်ပုံတင်ရန် လျှောက်ထားသူများသည်၊ ပြန်လည်မှတ်ပုံတင် ခ နှစ်ဆယ့်ငါးကျပ်ပေးဆောင်ရမည်။

၉၀။ ။ မှတ်ပုံစာရင်းရှိ စာမျက်နှာအသီးသီးကို၊ မှတ်ပုံတင်အရာရှိ၏ လက်မှတ်ဖြင့် မှန်ကန်ကြောင်းဝန်ခံလက်မှတ်ရေးထိုးစေရမည်။

၉၁။ ။ အက်ဥပဒေအရ မှတ်ပုံတင်ပြီးသည့် နောက်မှရရှိသော နောက်ထပ်အရည်အချင်းအသီးသီးနှင့် စပ်လျဉ်း၍ မှတ်ပုံတင်ရန်အလို့ငှါ၊ မှတ်ပုံတင်အရာရှိထံ လျှောက်ထားသူ မှတ်ပုံဝင်ဆရာဝန်တိုင်းသည်၊ မှတ်ပုံတင်ခ ကျပ်နှစ်ဆယ်ပေးဆောင်ရမည်။

၉၂။ ။ မှတ်ပုံတင်အရာရှိသည်၊ အက်ဥပဒေပုဒ်မ ၁၆ အရ ဆောင်ရွက်လျက်၊ နည်းဥပဒေ ၉၁ တွင် သတ် မှတ်ထားသည့် အခကြေးငွေများကို ရရှိသောအခါ၊ မှတ်ပုံဝင်ဆရာဝန်က၊ ၎င်းအားမှတ်ပုံတင်ပြီးမှုရရှိ ကြောင်းကို ထင်ရှားပြနိုင်သည့် အောက်ပါထပ်ဆင့်ဘွဲ့အရည်အချင်းများကို မှတ်ပုံစာရင်းတွင် ရေးသွင်း ရမည်။

| အမှတ်စဉ် | လက်မှတ်ချီးမြှင့်သည့် အဖွဲ့အစည်း | လက်မှတ်အမည် | ဘွဲ့ထူးများ |
|---|---|---|---|
| ၁ | ဘာမင်ဟန်တက္ကသိုလ်။ | ဗိန္ဒောဆေးကုပါရဂူ၊ ခွဲစိပ်ကု မဟာဝိဇ္ဇာ။ | အမ်၊ ဒီ။ စီ၊ အိပ် (ချ်)၊ အမ်၊ (ဘာမင်ဟန် တ ကသ)။ |
| | | ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ | ဒီ၊ ပီ အိပ် (ချ်)၊ (ဘာမင်ဟန်)။ |
| | | ပြည်သူ့ကျန်းမာမှုသိပ္ပံ | ဘီ၊ အက် (စ်)စီ၊ {ပီအိပ် (ချ်)} (ဘာမင်ဟန်)။ |

Myanmar Law Information System (MLIS)

| | | | |
|---|---|---|---|
| ၂ | ဘရစ်စတိုးတက္ကသိုလ် | ဗိန္ဒောဆေးကုပါရဂူ၊ ခွဲစိတ်ကု မဟာဝိဇ္ဇာ။ | အမ်၊ ဒီ။ စီ၊ အိပ် (ချ်)၊ အမ်၊ (ဘရစ်စတိုးတက သ)။ |
| | | ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ | ဒီ၊ ပီ အိပ် (ချ်)၊ (ဘရစ်စတိုး)။ |
| ၃ | ကင်းဘရစ်တက္ကသိုလ် | ဗိန္ဒောဆေးကုပါရဂူ၊ ခွဲစိပ်ကု မဟာဝိဇ္ဇာ။ | အမ်၊ ဒီ။ အမ်၊ ချား၊ (ကင်းဘရစ်တကသ)။ |
| | | ပတ်ဝန်းကျင်သန့်ရှင်းရေးလော ကဓါတ်ပညာဘွဲ့။ | ဒီ၊ အက် (စ်)၊ အက် (စ်)၊ စီ၊ (ကင်းဘရစ်)။ |
| | | ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ | ဒီ၊ ပီအိပ် (ချ်)၊ (ကင်း ဘရစ်)။ |
| | | ဆေးဘက်လျှပ်စစ်ပညာနှင့် ဓါတ်မှန်ရိုက်ဝိဇ္ဇာ။ | ဒီ၊ အမ်၊ အာ (ရ်)၊ အီး၊ (ကင်းဘရစ်)။ |
| ၄ | ဒါဟမ်တက္ကသိုလ် | ဗိန္ဒောဆေးကုပါရဂူ၊ ခွဲစိပ်ကု မဟာဝိဇ္ဇာ။ | အမ်၊ ဒီ။ အမ်၊ အက် (စ်)၊ (ဒါဟမ်တကသ)။ |
| | | ပတ်ဝန်းကျင်သန့်ရှင်းရေးလော ကဓါတ်ပညာလက်မှတ်၊ | အယ် (လ်)၊ အက် (စ်)၊ အက် (စ်)၊ စီ၊ (ဒါဟမ်)။ |
| | | ကျန်းမာရေးဝိဇ္ဇာ… | ဘီ၊ အိပ် (ချ်)၊ ဝိုင်၊ (ဒါ ဟမ်)။ |
| | | ကျန်းမာရေးပါရဂူ | ဒီ၊ အိပ် (ချ်)၊ ဝိုင်၊ (ဒါ ဟမ်)။ |
| | | ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ | ဒီ၊ ပီ အိပ်(ချ်)၊ (ဒါဟမ်)။ |
| ၅ | လိ (စ်)တက္ကသိုလ် | ဗိန္ဒောဆေးကုပါရဂူ၊ ခွဲစိပ်ကု မဟာဝိဇ္ဇာ။ | အမ်၊ ဒီ။ စီ၊ အိပ် (ချ်)၊ အမ်၊ (လိ (စ်)တကသ)။ |
| | | ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ | ဒီ၊ ပီအိပ် (ချ်)၊ {လိ (စ်)}။ |
| ၆ | လီဗါပူတက္ကသိုလ် | ဗိန္ဒောဆေးကုပါရဂူ၊ ခွဲစိပ်ကု မဟာဝိဇ္ဇာ၊ အရိုးအဆစ်ခွဲစိပ်ကု မဟာဝိဇ္ဇာ။ | အမ်၊ ဒီ။ စီ၊ အိပ် (ချ်)၊ အမ်။ အမ်၊ စီ၊ အိပ် (ချ်)၊ အို၊ အာ |

Myanmar Law Information System (MLIS)

| | | | |
|---|---|---|---|
| | | | (ရ်)၊ တီ၊ အိပ် (ချ်)၊ (လီဗါပူတကသ)။ |
| | | ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ | ဒီ၊ ပီအိပ် (ချ်)၊ (လီဗါပူ)။ |
| | | ကျန်းမာရေးမဟာဝိဇ္ဇာ | အမ်၊ အိပ် (ချ်)၊ (လီဗါပူ )။ |
| | | ပူအိုက်ဒေသဆေးနှင့်ကျန်းမာ ရေးဝိဇ္ဇာ။ | ဒီ၊တီ၊အမ်၊ နှင့်အိပ် (ချ်)၊ (လီဗါပူ)။ |
| ၇ | လန်ဒန်တက္ကသိုလ် | ဗိန္ဓောဆေးကုပါရဂူ၊ ခွဲစိပ်ကု မဟာဝိဇ္ဇာ။ | အမ်၊ဒီ။ အမ်၊ အက် (စ်)၊ (လန်ဒန်တကသ)။ |
| | | ပိုးမွှားဗေဒဝိဇ္ဇာ… | ဒီ၊ ဘက် (ဒ်)၊ (လန်ဒန်)။ |
| | | ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ | ဒီ၊ပီအိပ် (ချ်)၊ (လန်ဒန်)။ |
| | | ဆေးပါရဂူ (သင်္ဂဟဆေး ဘာသာ)။ | အမ်၊ဒီ။ ဘီ၊အာ (ရ်)၊ အက် (စ်)၊ အမ်၊ (လန်ဒန်)။ |
| | | လည်ချောင်း-နား၊ နှာခေါင်း ရောဂါဝိဇ္ဇာ။ | ဒီ၊ အယ် (လ်)၊ အို၊ (လန် ဒန်)။ |
| ၈ | မန်ချက်စတာတက္ကသိုလ်။ | ဗိန္ဓောဆေးကုပါရဂူ၊ ခွဲစိပ်ကု မဟာဝိဇ္ဇာ။ | အမ်၊ ဒီ။ စီ၊ အိပ် (ချ်)၊ အမ်၊ (မန်ချက်စတာ တကသ)။ |
| | | ပတ်ဝန်းကျင်သန့်ရှင်းရေးလော ကဓါတ်ပညာဘွဲ့။ | ဒီ၊ အက် (စ်)၊ အက်၊ (စ်)၊ စီ၊ (ဗစ်)။ |
| | | ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ | ဒီ၊ ပီအိပ် (ချ်)၊ (မန်ချက် စတာ)။ |
| | | ပိုးမွှားဗေဒဝိဇ္ဇာ… | ဒီ၊ ဘက် (ဒ်) (မန်ချက် စတာတကသ)။ |
| ၉ | အောက် (စ်)ဖို့တက္ကသိုလ်။ | ဗိန္ဓောဆေးကုပါရဂူ၊ ခွဲစိပ်ကု မဟာဝိဇ္ဇာ။ | အမ်၊ ဒီ။ အမ်၊ စီ၊ အိပ် (ချ်)၊ {အောက် (စ)ဖို့ တကသ}။ |

Myanmar Law Information System (MLIS)

| | | | |
|---|---|---|---|
| | | မျက်စိကုဝိဇ္ဇာ... | ဒီ၊ အို {အောက် (စ)ဖို့}။ |
| | | ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ | ဒီ၊ ပီအိပ် (ချ်)၊ {အောက် (စ)ဖို့}။ |
| ၁၀ | ရှက်ဖီး (လ်)တက္ကသိုလ်။ | ဗိန္ဒောဆေးကုပါရဂူ၊ ခွဲစိပ်ကု မဟာဝိဇ္ဇာ။ | အမ်၊ ဒီ။ အမ်၊ စီ၊ အိပ် (ချ်)၊ အမ်၊ (ရှက်ဖီး (လ်)တကသ)။ |
| | | ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ | ဒီ၊ ပီအိပ် (ချ်)၊ {ရှက်ဖီး (လ်)}။ |
| ၁၁ | ဝေး (လ်)တက္ကသိုလ် | ဗိန္ဒောဆေးကုပါရဂူ၊ ခွဲစိပ်ကု မဟာဝိဇ္ဇာ။ | အမ်၊ ဒီ။ အမ်၊ စီ၊ အိပ် (ချ်) {ဝေး (လ်)တက သ}။ |
| | | တီ၊ဘီ၊ ရောဂါကုဝိဇ္ဇာ ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ | တီ၊ ဒီ၊ ဒီ၊ {ဝေး (လ်)}။ ဒီ၊ ပီအိပ် (ချ်) {ဝေး (လ်) }။ |
| ၁၂ | အဘာဒင်တက္ကသိုလ် | ဗိန္ဒောဆေးကုပါရဂူ၊ ခွဲစိပ်ကု မဟာဝိဇ္ဇာ။ | အမ်၊ ဒီ။ စီ၊ အိပ် (ချ်)၊ အမ်၊ (အဘာဒင်တက သ)။ |
| | | ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ | ဒီ၊ ပီအိပ် (ချ်)၊ (အဘာ ဒင်)။ |
| ၁၃ | အီဒင်ဗါရာတက္ကသိုလ် | ဗိန္ဒောဆေးကုပါရဂူ၊ ခွဲစိပ်ကု မဟာဝိဇ္ဇာ။ | အမ်၊ ဒီ။ စီ၊ အိပ် (ချ်)၊ အမ်၊ (အီဒင်ဗါရာ တက သ)။ |
| | | ဝိဇ္ဇာနှင့်သိပ္ပံပါရဂူ၊ (ပြည်သူ့ ကျန်းမာမှု လောကဓါတ်ပညာ)။ | ဘီ၊ အက် (စ်)စီ။ ဒီ၊ အက် (စ်)၊ စီ၊ (ပီ၊ အိပ် (ချ်)၊) (အီဒင်ဗါ ရာ)။ |
| | | ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ | ဒီ၊ ပီအိပ် (ချ်)၊ (အီဒင်ဗါ ရာ)။ |
| ၁၄ | ဂလပ် (စ်)ဂိုတက္ကသိုလ်။ | ဗိန္ဒောဆေးကုပါရဂူ၊ ခွဲစိပ်ကု မဟာဝိဇ္ဇာ။ | အမ်၊ ဒီ။ စီ၊ အိပ် (ချ်)၊ အမ်၊ {ဂလပ် (စ်)ဂို}။ |
| | | ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ | ဒီ၊ ပီအိပ် (ချ်)၊ {ဂလပ် |

Myanmar Law Information System (MLIS)

| | | | |
|---|---|---|---|
| | | | (စ်)ဂို}။ |
| | | ဝိဇ္ဇာနှင့်သိပ္ပံပါရဂူ (ပြည်သူ့ကျန်းမာမှုလောကဓါတ်ပညာ)။ | ဘီ၊ အက် (စ်)၊ စီ။ ဒီ၊ အက် (စ်)စီ၊ {ပီ၊ အိပ် (ချ်)၊ } [ဂလပ် (စ်) ဂို}။ |
| ၁၅ | စိန်အန်ဒယူးတက္ကသိုလ်။ | ဗိန္ဒောဆေးကုပါရဂူ၊ ခွဲစိပ်ကု မဟာဝိဇ္ဇာ။ | အမ်၊ ဒီ။စီ၊ အိပ် (ချ်)၊ အမ်၊ (စိန်အန်ဒယူးတ ကသ)။ |
| | | ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ | ဒီ၊ ပီအိပ် (ချ်)၊ (စိန်အန်ဒယူး)။ |
| ၁၆ | တဲ (လ်)ဖတ် (စ်)ပြည်ဘုရင်မတက္ကသိုလ်။ | ဗိန္ဒောဆေးကုပါရဂူ၊ ခွဲစိပ်ကု မဟာဝိဇ္ဇာ။ | အမ်၊ ဒီ။ အမ်၊ စီ၊ အိပ် (ချ်)။ |
| | | သားဖွါးပညာမဟာဝိဇ္ဇာ။ | အမ်၊အော၊ အို၊ ကျူးယူး၊ (ဘဲ (လ်)ဖတ် (စ်)။ |
| | | ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ | ဒီ၊ ပီ၊ အိပ် (ချ်)၊ ကျူး ယူး၊ {ဘဲ (လ်) ဖတ် (စ်)}။ |
| ၁၇ | ဒဗ္ဗလင်တက္ကသိုလ် | ဗိန္ဒောဆေးကုပါရဂူ၊ ခွဲစိပ်ကု မဟာဝိဇ္ဇာ၊ သားဖွါးသိပ္ပံမဟာ ဝိဇ္ဇာ။ | အမ်၊ဒီ။ အက်၊ စီ၊ အိပ် (ချ်)။ အမ်၊ အော၊ အို၊ (ဒဗ္ဗလင်တကသ)။ |
| | | ပေါင်းသင်းဆက်ဆံရေးဆေး ဝိဇ္ဇာ။ | ဒီ၊ အမ်၊ အက် (စ်)၊ (ဒဗ္ဗလင်)။ |
| | | ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ | ဒီ၊ ပီအိပ် (ချ်) (ဒဗ္ဗ လင်)။ |
| | | သားဖွါးအတတ်လက်မှတ်။ | အယ် (လ်)၊အမ်၊ (ဒဗ္ဗလင်။) |
| | | မီးယပ်နှင့်သားဖွါးပညာဝိဇ္ဇာ။ | ဒီ၊ဂျီ၊အို၊ (ဒဗ္ဗလင်)။ |
| ၁၈ | အိုင်ယလန်ပြည်အမျိုးသားတက္ကသိုလ်။ | ဗိန္ဒောဆေးကုပါရဂူ၊ ခွဲစိပ်ကု မဟာဝိဇ္ဇာ။ သားဖွါးပညာမဟာဝိဇ္ဇာ။ | အမ်၊ ဒီ။ အမ်၊ စီ၊ အိပ် (ချ်)။ အမ်၊ အော၊ အို၊ အန်၊ ယူး၊ |

| | | | |
|---|---|---|---|
| | | | (အိုင်ယ လန်)။ |
| | | ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ | ဒီ၊ ပီအိပ် (ချ်)၊ အန်၊ ယူး၊ (အိုင်ယလန်)။ |
| ၁၉ | အိုင်ယလန်ပြည်၊ ဘုရင့် တက္ကသိုလ်။ | ပတ်ဝန်းကျင်သန့်ရှင်းရေး လောကဓါတ်ပညာဘွဲ့။ | ဒီ၊ အက် (စ်)၊ အက် (စ်)၊ စီ၊ အာ (ရ်)၊ ယူး၊ (အိုင်ယလန်)။ |
| ၂၀ | လန်ဒန်မြို့၊ ဘုရင့်ဗိန္ဒောသမားတော်အဖွဲ့။ | မင်းဘားလူကြီးအဖွဲ့ဝင် | အမ်၊ အာ (ရ်)၊ စီ၊ ပီ။ အက် (ဖ်)အာ (ရ်)၊ စီ၊ ပီ၊ (လန်ဒန်)။ |
| | အင်္ဂလန်ပြည်၊ ဘုရင့်ခွဲစိပ်ကုသမားတော်အဖွဲ့။ | မဟာအဖွဲ့ဝင်... | အက် (ဖ်)၊ အာ (ရ်)၊ စီ၊ အက် (စ်)၊ (အင်္ဂလန်)။ |
| | | ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ | ဒီ၊ ပီအိပ် (ချ်)၊ အာ (ရ်)စီ၊ ပီ၊ အက် (စ်)၊ (အင်္ဂ လန်)။ |
| | | ပူအိုက်ဒေသဆေးနှင့်ကျန်းမာ ရေးဝိဇ္ဇာ။ | ဒီ၊ တီ၊ အမ်၊ နှင့်အိပ် (ချ်)၊ (အင်္ဂလန်)။ |
| | | မျက်စိရောဂါခွဲစိပ်ကုနှင့်ဆေးကု ဝိဇ္ဇာ။ | ဒီ၊ အို၊ အမ်၊ အက် (စ်)၊ (လန်ဒန်)။ |
| | | သူငယ်နာကုဝိဇ္ဇာ... | ဒီ၊ စီအိပ် (ချ်)၊ (အင်္ဂ လန်)။ |
| | | ဆေးဘက်ဆိုင်ရာ ဓါတ်မှန် ပညာ ဝိဇ္ဇာ။ | ဒီ၊ အမ်၊ အာ (ရ်)၊ (လန် ဒန်)။ |
| ၂၁ | အီဒင်ဗါရာမြို့၊ ဘုရင့်ကောလိပ်ဗိန္ဒောသမားတော်နှင့်ခွဲ စိပ်ကုသမားတော်အဖွဲ့ဝင်နှင့် ဂလပ် (စ်)ဂိုမြို့၊ ဘုရင့်ဗိန္ဒော သမားတော်နှင့် ခွဲစိပ်ကုသ မားတော်မဟာအဖွဲ့။ | ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ | ဒီ၊ ပီအိပ် (ချ်)။ အာ (ရ်)၊ စီ၊ပီ၊ အက် (စ်)၊ (အီဒင်) နှင့် အာ (ရ်)၊ အက် (ဖ်)၊ ပီ၊ အက် (စ်) {ဂလပ် (စ်) ဂို}။ |

Myanmar Law Information System (MLIS)

| | | | |
|---|---|---|---|
| | | မင်းဘားလူကြီးအဖွဲ့ဝင် | အမ်၊ အာ (ရ်)၊စီ၊ ပီ၊ (အီဒင်)။ အက် (ဖ်)၊ အာ (ရ်)၊ စီ၊ ပီ၊ (အီဒင်)။ |
| | | မဟာအဖွဲ့ဝင်... | အာ (ဖ်)၊ အာ (ရ်)၊ အက် (ဖ်)၊ ပီ၊ အက် (စ်)၊ {ဂလက် (စ်)ဂို}။ |
| ၂၂ | အိုင်ယလန်ပြည်၊ ဘုရင့်ကောလိပ်ဗိန္ဒောသမားတော်အဖွဲ့ နှင့်အိုင်ယလန်ပြည်ဘုရင့် ကောလိပ်ခွဲစိပ်ကုသမားတော် အဖွဲ့။ | မင်းဘားလူကြီးအဖွဲ့ဝင် မဟာအဖွဲ့ဝင်.... | အမ်၊ အာ (ရ်)၊ စီ၊ ပီ၊ (အိုင်ယလန်)။ အက် (ဖ်)၊ အာ (ရ်)၊စီ၊ ပီ၊ (အိုင်ယလန်)။ အက် (ဖ်)၊ အာ (ရ်)၊ စီ၊ အက် (စ်)၊ (အိုင်ယလန်)။ |
| | | ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ | ဒီ၊ ပီအိပ် (ချ်)။ အာ (ရ်)၊ စီ၊ ပီ၊ အက် (စ်)၊ (အိုင် ယလန်)။ |
| ၂၃ | မလေးယားတက္ကသိုလ်။ | ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ | ဒီ၊ ပီ၊ အိပ် (ချ်)၊ (မလေးယား)။ |
| ၂၄ | ကာလကတ္တားတက္ကသိုလ်။ | ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ | ဒီ၊ ပီအိပ် (ချ်)၊ (ကာလကတ္တား)။ |
| | | မိခင်နှင့်ကလေးစောင့်ရှောက်ရေး ဝိဇ္ဇာ။ | ဒီ၊ အမ်၊ စီ၊ ဒဗလျူ၊ (ကာလကတ္တား)။ |
| ၂၅ | လပ်ကနောင်တက္ကသိုလ်။ | ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ | ဒီ၊ပီအိပ် (ချ်)၊ (လပ်ကနောင်)။ |
| | | မျက်စိရောဂါနှင့်အလင်းရောင် ကုဝိဇ္ဇာ။ | ဒီ၊ အို၊ အမ်၊ အက် (စ်)၊ (လက်ကနောင်း)။ |
| ၂၆ | ကာလကတ္တားမြို့၊ ပူအိုက်ဒေသဆေးပညာသင်ကျောင်း။ | ပူအိုက်ဒေသဆေးဝိဇ္ဇာ။ | ဒီ၊ တီ၊ အမ်၊ (ကာလကတ္တား)။ |

Myanmar Law Information System (MLIS)

| | | | |
|---|---|---|---|
| | | ပူအိုက်ဒေသဆေးအတတ် လက်မှတ်။ | အယ် (လ်)၊ တီ၊ အမ်၊ (ကာလကတ္တား)။ |
| ၂၇ | ယူနိုက်တက်ပရိုးဘင်ပြည် နယ်နိုင်ငံတော်ဆေးပညာ စာစစ်အဖွဲ့။ | ပြည်သူ့ကျန်းမာမှုအတတ်လက် မှတ်။ | အယ် (လ်)၊ ပီ၊ အိပ် (ချ်)၊ (ယူပီ)။ |
| ၂၈ | အမေရိကန်ပြည်၊ ဟားဗစ် တက္ကသိုလ်။ | ပြည်သူ့ကျန်းမာမှုမဟာဝိဇ္ဇာ။ | အမ်၊ ပီ (ဟားဗစ်တ ကာသ) {ယူ၊ အက် (စ်) အေ၊}။ |
| ၂၉ | ဘုံဘေမြို့၊ ဗိန္ဒောသမားတော် နှင့်ခွဲစိပ်ကုသမားတော် ကော်လိပ်။ | မီးယပ်နှင့်သားဖွါးပညာဝိဇ္ဇာ။ မျက်စိရောဂါခွဲစိပ်ကုနှင့်ဆေး ဝိဇ္ဇာ။ | ဒီ၊ ဂျီ၊ အို (ဘုံဘေ)။ ဒီ၊ အို၊ အမ်၊ အက် (စ်)၊ (ဘုံဘေ)။ |
| | | သူငယ်နာကုဝိဇ္ဇာ… | ဒီ၊ စီအိပ် (ချ်)၊ (ဘုံ ဘေ)။ |
| | | ရောဂါဗေဒနှင့်ပိုးမွှါးဗေဒဝိဇ္ဇာ။ | ဒီ၊ ပီ၊ဘီ၊ (ဘုံဘေ)။ |
| | | ကိုယ်ရေပြားရောဂါနှင့်ကာလ သားရောဂါဝိဇ္ဇာ။ | ဒီ၊ ဒီ၊ ဗီ၊ (ဘုံဘေ)။ |
| | | မေ့ဆေးပညာဝိဇ္ဇာ | ဒီ၊ အေ၊ (ဘုံဘေ)။ |
| ၃၀ | ဒေလီတက္ကသိုလ် | တီဘီရောဂါဝိဇ္ဇာ… | ဒီ၊ တီ၊ ဒီ၊ (ဒေလီ)။ |
| ၃၁ | မဒရပ် (စ်)တက္ကသိုလ်။ | မီးယပ်နှင့်သားဖွါးပညာဝိဇ္ဇာ။ | ဒီ၊ ဂျီအို၊{မဒရပ် (စ်)}။ |
| ၃၂ | အင်္ဂလန်ပြည်၊ဘုရင့်သားဖွါး နှင့်မီးယပ်သမားတော်အဖွဲ့။ | ဝိဇ္ဇာ… | ဒီအို၊ အက် (စ်)၊ တီ၊ အာ (ရ်)၊ စီ၊ အို၊ ဂျီ။ |
| | | အဖွဲ့ဝင်… | အမ်၊ အာ (ရ်)၊ စီ၊ အို၊ ဂျီ။ |
| | | မဟာအဖွဲ့ဝင်… | အက် (ဖ်)၊ အာ (ရ်)၊ စီ၊ အို၊ ဂျီ။ |
| ၃၃ | ပြည်ထောင်စုမြန်မာနိုင်ငံ တော်အစိုးရ။ | ပြည်သူ့ကျန်းမာမှုအတတ်သင် လက်မှတ်။ | အယ် (လ်)၊ ပီအိပ် (ချ်)၊ (ဘားမား) ။ |

၉၃။ ။ မှတ်ပုံတင်အရာရှိသည်၊ အက်ဥပဒေအရ ပေးဆောင်ရမည့်အခကြေးငွေများအားလုံးကို လက်ခံရ မည့်ပြင်၊ အက်ဥပဒေပုဒ်မ ၂၉ အရ နိုင်ငံတော်သမတက ပြုသည့်နည်းဥပဒေများနှင့်အညီ နိုင်ငံတော်

ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် ထားရှိသည့် ကောင်စီ၏ ငွေစာရင်း၌ အရဘက်သို့စာရင်းသွင်းရန် ထိုငွေများကိုပေးသွင်းရမည်။

၉၄။ ။ တဦးတယောက်သောသူ၏ အမည်ကိုသော်၎င်း၊ ဘွဲ့ထူး၊ သို့တည်းမဟုတ် အရည်အချင်းတခုခု ကိုသော်၎င်း မှတ်ပုံတင်အရာရှိက ဆရာဝန်မှတ်ပုံစာရင်းတွင် မှတ်ပုံတင်ရန် ငြင်းဆိုမှုနှင့်စပ်လျဥ်း၍ အက်ဥပဒေပုဒ်မ ၂၁ အရ ကောင်စီသို့တင်သွင်းသည့် အယူခံလွှာတခုခုကို စာဖြင့်ရေးသားစေရမည့်ပြင်၊ ၎င်းအယူခံလွှာတွင် မှတ်ပုံတင်ရန်တောင်းဆိုသည့်အကြောင်းပြချက်များကို၎င်း၊ အရည်အချင်းများ၏ အမည်များကို၎င်း၊ ထိုအရည်အချင်းများကို မည်သည့်နေ့ရက်များတွင်၊ မည်သည့်အာဏာပိုင်များထံမှ ရရှိသည်ကို၎င်း ဖေါ်ပြရမည်၊ အမှုဆောင်ကော်မီတီသည်၊ အဆိုပါအယူခံလွှာကို ရရှိသောအခါ စုံစမ်းစစ် ဆေးခြင်းပြုလုပ်ရမည်။

၉၅။ ။ အမှုဆောင်ကော်မီတီမှာ အယူခံသူထံမှ ဒီပလိုမာလက်မှတ်၊ သို့တည်းမဟုတ် လိုင်စင်လက်မှတ် စသည်များကို ကြည့်ရှုစစ်ဆေးရန်တောင်းဆိုနိုင်ခွင့် အာဏာရှိရမည့်ပြင်၊ အခြားစာတမ်းအမှတ်အသား သက်သေခံချက်၊ သို့တည်းမဟုတ် နှုတ်ထွက်သက်သေခံချက်ကိုလည်း တောင်းဆိုနိုင်ခွင့်အာဏာရှိရ မည်။

၉၆။ ။ စုံစမ်းစစ်ဆေးမှုပြီးသောအခါ၊ အမှုဆောင်ကော်မီတီသည်၊ နည်းဥပဒေ ၇၆ တွင် ဖေါ်ပြထားသည့် အတိုင်း ကောင်စီသို့အစီရင်ခံရမည်။

၉၇။ ။ ကောင်စီက အယူခံမှုစစ်ဆေးမည့်နေ့ရက်ကို အယူခံသူအား အကြောင်းကြားရမည်။ ထို့ပြင် အယူ ခံသူကမိမိအမှုကို မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိ၏တရားဝင်ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ကောင်စီရှေ့တွင် တင် ပြလိုလျှင်၊ ထိုအယူခံသူကို ဤသို့တင်ပြရန် ခွင့်ပြုရမည်။

၉၈။ ။ မှတ်ပုံစာရင်းတွင် အမည်သွင်းထားသူ အသီးသီးမှာ၊ ဤနည်းဥပဒေများဆိုင်ရာ နောက်ဆက်တွဲ ပုံစံ ၆ ဖြင့် မှတ်ပုံတင်သက်သေခံလက်မှတ်ကို၊ ၎င်းပေါ်တွင် မြန်မာနိုင်ငံတံဆိပ်တော်အက်ဥပဒေအရ၊ သို့ တည်းမဟုတ် တံဆိပ်တော်ခွန်စည်းကြပ်ကောက်ခံခြင်းနှင့်စပ်လျဥ်းသည့် တည်ဆဲအခြားဥပဒေတခုခုအ ရ၊ အခါအားလျော်စွာ စည်းကြပ်ကောက်ခံထိုက်သည့် တံဆိပ်တော်ခွန်ကို ပေးဆောင်သည့်အခါ၊ မှတ်ပုံ တင်အရာရှိထံမှ ရထိုက်ခွင့်ရှိရမည်။ ထိုသက်သေခံလက်မှတ်တွင် မှတ်ပုံတင်ထားသူ၏အမည်အပြည့်အ စုံ သူ၏နေရပ်၊ မှတ်ပုံတင်သည့်နေ့ရက်နှင့် အရပ်ကို၎င်း၊ မည်သည့်အရည်အချင်းများနှင့်စပ်လျဥ်း၍ ထိုသူအား မှတ်ပုံတင်ထားသည်ကို၎င်း ဖေါ်ပြရမည်။

၉၉။ ။ မှတ်ပုံတင်လက်မှတ် မူရင်းခွဲအတွက် မည်သည့်လျှောက်လွှာကိုမျှလက်မခံရ၊ သို့ရာတွင် ဆေး ဘက်ဆိုင်ရာ မှတ်ပုံစာရင်းရှိအမည်တခုနှင့် သက်ဆိုင်သည့်ရေးသွင်းချက်များ၏ မိတ္တူမှန်ကို အခကြေး ငွေကျပ်နှစ်ဆယ်နှင့်တကွ တံဆိပ်တော်ခွန်ကိုပါ ပေးဆောင်သည့်အခါ၊ မည်သူ့အားမဆို ထုတ်ပေးနိုင် သည်။ အဆိုပါလျှောက်လွှာနှင့်အတူ မည်သည့်အကြောင်းများကြောင့် မိတ္တူမှန်ကို ရလိုသည်ဟုဖေါ်ပြ သောလျှောက်ထားသူ၏ ထုတ်ဖေါ်ပြောဆိုချက်ပါရှိစေရမည့်ပြင်၊ လျှောက်ထားသူသည်၊ မည်သူမည်ဝါ ဖြစ်ကြောင်းကို မှတ်ပုံတင်အရာရှိက လုံလောက်သည်ဟုယူဆသည့် သက်သေခံချက်ဖြင့်လည်း ထောက် ခံစေရမည်။

၁၀၀။ ။ ဆရာဝန်မှတ်ပုံစာရင်းတွင် ရှိသောအမည်ကို ပြောင်းလဲရန်အတွက် အခကြေးငွေငါးကျပ် ကောက်ခံရမည်။

Myanmar Law Information System (MLIS)

၁၀၁။ ။ (၁) မှတ်ပုံဝင်ဆရာဝန်တဦးက မိမိ၏လျှောက်ထားချက်အရမိမိ၏ အမည်ကိုဆရာဝန်မှတ်ပုံ စာရင်းမှ ထုတ်ပယ်ရန်အလို့ငှါ၊ လျှောက်ထားသည့် လျှောက်လွှာအသီးသီးနှင့်အတူ၊ လျှောက်ထားသူက၊ မိမိသည် မိမိသဘောမတူဘဲ မိမိ၏အမည်ကို ဆရာဝန်မှတ်ပုံစာရင်းမှ ထုတ်ပယ်ရန်၊ သို့တည်းမဟုတ် မိမိအား မှတ်ပုံတင်ထိုက်စေသည့် အရည်အချင်းတခုခုကို၊ သို့တည်းမဟုတ် လိုင်စင်တခုခုကို မိမိသဘောမတူဘဲ လက်လွှတ်စေရန် အကြောင်းကိုထင်ရှားစေသည့် အမှုအခင်းတခုခုရှိသည်ကိုသော်၎င်း၊ အမှု အခင်းတခုခုစွဲဆိုရန် အကြောင်းတခုခုရှိသည်ကိုသော်၎င်း မိမိမသိပါဟူ၍ ထုတ်ဖေါ်ပြောဆိုသည့် ထုတ် ဖေါ်ပြောဆိုချက်ပါရမည်။

(၂) မှတ်ပုံတင်အရာရှိသည်၊ အဆိုပါလျှောက်လွှာ အသီးသီးကို၊ လျှောက်ထားသူအား အရည်အချင်း လက်မှတ်၊ သို့တည်းမဟုတ် အရည်အချင်းလက်မှတ်များထုတ်ပေးသည့် ဆေးဘက်ဆိုင်ရာ အာဏာပိုင် များထံသို့ ထိုသို့ထုတ်ပယ်ရန်ခိုင်လုံသည့် ကန့်ကွက်ချက်ရှိမရှိအမှန်သိအောင် ရေးဦးစွာလွှဲအပ်ရမည်။

(၃) မှတ်ပုံတင်အရာရှိသည်၊ အဆိုပါလျှောက်လွှာကို နောက်အကြိမ် ကျင်းပမည့်ကောင်စီအစည်းအဝေး သို့၊ သို့တည်းမဟုတ် အမှုဆောင်ကော်မီတီအစည်းအဝေးသို့တင်ပြရမည်။ ကောင်စီက၊ သို့တည်းမဟုတ် အမှုဆောင်ကော်မီတီက ထိုလျှောက်လွှာကို၎င်း၊ ထိုလျှောက်လွှာနှင့်စပ်လျဉ်းသည့် ကန့်ကွက်ချက်များရှိ လျှင်၊ ထိုကန့်ကွက်ချက်များကို၎င်း စဉ်းစားဆင်ခြင်ရမည်။ ဥက္ကဋ္ဌသည်၊ သဘာပတိအဖြစ်ဖြင့် "မှတ်ပုံ တင်အရာရှိသည်၊ လျှောက်ထားသူ၏အမည်ကို ဆရာဝန်မှတ်ပုံစာရင်းမှ ထုတ်ပယ်ရမည်လော"ဆိုသည့် မေးခွန်းကိုမေးမြန်းနိုင်သည်။

မှတ်ပုံတင်အရာရှိသည်၊ လျှောက်ထားသူ၏ အမည်ကို မှတ်ပုံစာရင်းမှ ထုတ်ပယ်သောအခါ၊ ထိုသို့ထုတ် ပယ်သောအကြောင်းကြားချက်ကို လျှောက်ထားသူထံသို့ ၎င်း၏ မှတ်ပုံတင်လိပ်စာအတိုင်း လိပ်စာတပ် သောစာဖြင့်ပေးပို့ရမည်။

၁၀၂။ ။ မှတ်ပုံတင်အရာရှိသည်၊ နည်းဥပဒေ ၆၉ တွင် ရည်ညွှန်းထားသည့် စာရွက်လွှတ်ကြားညှပ်ထား သော ပုံနှိပ်ပြီးနှစ်စဉ် ဆရာဝန် စာရင်းနှင့်ထပ်ဖြည့်စာရင်းတစောင်ကိုထားရှိရမည်။ ထိုစာရင်းတွင် ထို နှစ်အတွင်း လိုအပ်သည့်ရေးသွင်းချက်၊ ပြောင်းလဲချက်၊ သို့တည်းမဟုတ် ပယ်ဖျက်ချက်မည်သည်ကိုမဆို ပြုလုပ်ရမည်။

၁၀၃။ ။ စာရင်းထုတ်ပြန်သည့် နှစ်မကုန်ဆုံးမီ၊ ထိုစာရင်းကို မှတ်ပုံတင်အရာရှိထံ စာပို့ခနှစ်ကျပ်ပေး၍ လျှောက်ထားလျှင်၊ မှတ်ပုံတင်ထားသူ အသီးသီးအား၊ အဆိုပါစာရင်းတွင် ၎င်း၏အမည်ရေးဦးစွာပါရှိ သည့် နှစ်စဉ်ဆရာဝန်စာရင်း၊ သို့တည်းမဟုတ် ထပ်ဖြည့်စာရင်းတစောင်စီအခမဲ့ပေးရမည်။

### ၉။ ။ ဆရာဝန်မှတ်ပုံစာရင်းမှ အမည် ထုတ်ပယ်ခံရသည့်ပြစ်ဒဏ်။

၁၀၄။ ။ မှတ်ပုံတင်ရန် လျှောက်ထားသူသည်၊ သို့တည်းမဟုတ် မှတ်ပုံဝင်ဆရာဝန်သည်၊ ကောင်စီ၏ သဘောအရအကျင့်စာရိတ္တချွတ်ယွင်းသည့် သဘောသက်ရောက်တန်ရာသောပြစ်မှု တခုခုထင်ရှားစီရင် ခြင်းခံရသည်ဟု ကောင်စီရုံးသို့ သတင်းရောက်ရှိသည့်အခါတိုင်း၊ မှတ်ပုံတင်အရာရှိသည်၊ သက်ဆိုင် သည့်စီရင်ချက်မိတ္တူကိုရယူ၍၊ ၎င်းကိုဥက္ကဋ္ဌထံတင်သွင်းရမည်။ ဥက္ကဋ္ဌသည်၊ ထိုကိစ္စကို ကောင်စီသို့ တင်ပြရမည်။ ထိုပြစ်မှုသည် အကျင့်စာရိတ္တချွတ်ယွင်းသည့်သဘောသက်ရောက်သည်ဟု ကောင်စီကဆုံး ဖြတ်လျှင်၊ ကောင်စီသည်၊ ထိုလျှောက်ထားသူအား မှတ်ပုံတင်ခွင့်ပေးခြင်းကို ငြင်းဆိုနိုင်သည်။ သို့တည်း မဟုတ် ထိုမှတ်ပုံဝင်ဆရာဝန်၏အမည်ကို

Myanmar Law Information System (MLIS)

မှတ်ပုံစာရင်းမှ ထာဝစဉ်ဖြစ်စေ၊ သတ်မှတ်သည့်အချိန်ကာလ အပိုင်းအခြားအတွက်ဖြစ်စေ ထုတ်ပယ်ရန်ညွှန်ကြားနိုင်သည်။

၁၀၅။ ။ မှတ်ပုံတင်ရန် လျှောက်ထားသူသည်၊ သို့တည်းမဟုတ် မှတ်ပုံဝင်ဆရာဝန်သည်၊ ပညာရှင်လုပ် ငန်းနှင့်စပ်လျဉ်း၍၊ မအပ်မရာ ကျင့်မိစ္ဆာပြုကျင့်ကြောင်းကို ကျူးလွန်သည်ဟု ကောင်စီရုံးသို့သတင်း ရောက်ရှိသည့်အခါတိုင်း မှတ်ပုံတင်အရာရှိသည်၊ ထိုသတင်းကို အကျဉ်းချုပ်ပြုလုပ်၍ ဥက္ကဋ္ဌထံတင် သွင်းရမည်။

၁၀၆။ ။ အဆိုပါသတင်းမှာ၊ မှတ်ပုံတင်ရန်လျှောက်ထားသူကို၊ သို့တည်းမဟုတ် မှတ်ပုံဝင်ဆရာဝန်ကို ပညာရှင်လုပ်ငန်းနှင့်စပ်လျဉ်း၍ မအပ်မရာကျင့်မိစ္ဆာပြုကျင့်ကြောင်းဖြင့် တဦးတယောက်သောသူက သော်၎င်း၊ အဖွဲ့တခုခုကသော်၎င်း စွပ်စွဲသည့် တိုင်တန်းချက်သဘောမျိုးဖြစ်လျှင်၊ ယင်းသို့သော တိုင်တန်းချက် ကို မှတ်ပုံတင်အရာရှိထံ လိပ်တင်သောစာဖြင့် ပြုရမည်။ ထိုတိုင်တန်းချက်တွင် တိုင်တန်း ရခြင်း၏အ ကြောင်းပြချက်များကို ဖော်ပြရမည့်ပြင်၊ ထိုတိုင်တန်းချက်နှင့်အတူ ထိုအမှုကိစ္စ၏ အကြောင်းအရာများ နှင့်စပ်လျဉ်း၍တခုသော၊ သို့တည်းမဟုတ် တခုထက်ပိုသော ထုတ်ဖော်ပြောဆို ချက်များပါရှိစေရမည်။

၁၀၇။ ။ ထုတ်ဖော်ပြောဆိုချက်အသီးသီးတွင် ထုတ်ဖော်ပြောဆိုသူ၏ အကြောင်းအရာနှင့် နေရပ်အမှန် ကိုဖော်ပြရမည်။ ထုတ်ဖော်ပြောဆိုချက်တွင် ဖော်ပြထားသည့်အကြောင်းအရာကို ထုတ်ဖော်ပြောဆိုသူ ကိုယ်တိုင် မသိသည့်ကိစ္စ၌ သတင်းစတင်ဖြစ်ပွါးရာဌာနကို၎င်း၊ ထိုသတင်းမှန်ကန်ကြောင်းထုတ်ဖော် ပြောဆိုသူ၊ ယုံကြည်စေသည့်အခြေခံအကြောင်းများကို၎င်း တိကျစုံလင်စွာဖော်ပြရမည်။

ဤနည်းဥပဒေနှင့်ဆန့်ကျင်၍ပြုလုပ်သည့် ထုတ်ဖော်ပြောဆိုချက်များကို၎င်း၊ ထုတ်ဖော်ပြောဆိုချက်များ ၏ အစိတ်အပိုင်းများကို၎င်း၊ သက်သေခံအဖြစ် လက်ခံမည်မဟုတ်။

၁၀၈။ ။ (၁) သတင်းအကျဉ်းချုပ်နှင့် တိုင်တန်းချက်တင်သွင်းထားလျှင်၊ ထိုတိုင်တန်းချက်နှင့်တကွ ထို အမှုနှင့်သက်ဆိုင်သည့်အခြားစာတမ်းအမှတ်အသားအားလုံးကို မှတ်ပုံတင်အရာရှိက ဥက္ကဋ္ဌထံတင်သွင်း ရမည်။ ဥက္ကဋ္ဌသည်၊ သင့်တော်သည်ထင်မြင်လျှင် လျှောက်ထားသူက၊ သို့တည်းမဟုတ် မှတ်ပုံဝင်ဆရာ ဝန်ကပေးနိုင်ခွင့်ရှိသော ထုချေချက်ကို လျှောက်ထားသူထံမှ၊ သို့တည်းမဟုတ် မှတ်ပုံဝင်ဆရာဝန်ထံမှ ရီ စစ္စတြီပြုလုပ်သည့် စာတစောင်ဖြင့် ကန့်သတ်သည့်အချိန်အတွင်း တောင်းဆိုရန် မှတ်ပုံတင်အရာရှိအား ညွှန်ကြားရမည်။ ထို့နောက် လျှောက်ထားသူက၊ သို့တည်းမဟုတ် မှတ်ပုံဝင်ဆရာဝန်က မှတ်ပုံတင်အရာ ရှိထံပေးပို့သည့် မည်သည့်ထုချေလွှာမဆို အပါအဝင်ဖြစ်သည့် စာတမ်းအမှတ်အသားများကို အမှုဆောင် ကော်မီတီသို့ လွှဲအပ်ရမည်။ အမှုဆောင်ကော်မီတီသည် ထိုထုချေလွှာအပါအဝင် စာတမ်းအမှတ်အသား များကို စဉ်းစားဆင်ခြင်ရမည်။ ထို့ပြင် အမှုဆောင်ကော်မီတီမှာ နောက်ထပ်စုံစမ်းစစ်ဆေးမှုပြုစေရန် ၎င်း၊ နောက်ထပ်သက်သေခံချက်ရယူစေရန်၎င်း၊ ရှေ့နေတဦးတယောက်သို့၎င်း ၏ အကြံပေးချက်နှင့် အကူအညီအတွက် လွှဲအပ်ရန်လိုလျှင် လွှဲအပ်ရန်၎င်း အာဏာရှိရမည်။

(၂) ယုတ္တိရှိအောင် သက်သေခံလုံလောက်သောအမှုမဟုတ်ဟု ကော်မီတီက ထင်မြင်လျှင်၊ ထိုအမှုကို ဆက်လက်အရေးမယူရ။ ထို့ပြင် မှတ်ပုံတင်အရာရှိသည်၊ ကော်မီတီ၏ ဆုံးဖြတ်ချက်ကို တိုင်တန်း သူအား အကြောင်းကြားရမည်။

(၃) အမှုမှာ စုံစမ်းစစ်ဆေးခြင်းပြုသင့်သည့်အမှုဖြစ်သည်ဟု ကော်မီတီကဆုံးဖြတ်လျှင်၊ ဥက္ကဋ္ဌသည်၊ စုံစမ်းစစ်ဆေးမှုစတင်ပြုလုပ်စေခြင်းငှါငင်း၊ ဤနည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း အမှုကို ကြားနာဆုံးဖြတ်စေခြင်းငှါငင်းသင့်လျော်သည့်အချိန်အတွင်း အရေးယူဆောင်ရွက်ရန် မှတ်ပုံတင်အရာရှိ အားညွှန်ကြားရမည်။

၁၀၉။ ။ ကောင်စီကသော်၎င်း၊ ကောင်စီညွှန်ကြားသည့်အတိုင်း အမှုဆောင်ကော်မီတီ၊ သို့တည်းမဟုတ် ပုဒ်မ ၂၂ အရကောင်စီကခန့်ထားသည့် အထူးကော်မီတီကသော်၎င်း ပြုလုပ်ရမည့် စုံစမ်းစစ်ဆေးမှုကို မှတ်ပုံ တင်အရာရှိက လျှောက်ထားသူထံ၊ သို့တည်းမဟုတ် မှတ်ပုံဝင်ဆရာဝန်ထံ လိပ်စာတပ်၍ ကောင်စီကိုယ် စား အကြောင်းကြားစာထုတ်ဆင့်ခြင်းဖြင့် စတင်ပြုလုပ်ရမည်။ အဆိုပါ အကြောင်းကြား စာတွင် စွဲချက်၏မျိုးမည်နှင့်အကြောင်းချက်လက်တို့ကို သီးခြားဖေါ်ပြရ မည့်ပြင် ၎င်းစာဖြင့်ကောင်စီက အမှုစီရင်ရန် ကြံရွယ်သည့်နေ့ရက်ကို ဆရာဝန်အားကြားသိစေ၍ စွဲချက်ကိုစာဖြင့်ထုချေရန်နှင့် ထိုနေ့တွင် ကောင်စီ ရှေ့သို့ လာရောက်ရန်လျှောက်ထားသူအား၊ သို့တည်းမဟုတ် မှတ်ပုံဝင်ဆရာဝန်အား ဆင့်ဆိုရမည်။ ထို အကြောင်းကြားစာမှာ ဤနည်းဥပဒေများ၏ နောက်ဆက်တွဲပါပုံစံ ဂ အတိုင်း အခြေအနေအရ လိုအပ် သည့် ပြောင်းလဲပြင်ဆင်ချက်များနှင့်တကွဖြစ်ရမည်။ ၎င်းအကြောင်းကြားစာကို စုံစမ်းစစ်ဆေးမှု ပြုမည့် နေ့ရက်မတိုင်မီ ရက်သတ္တ ၃ ပတ်ကြိုတင်၍ ပေးပို့ရမည့်ပြင် ၎င်းနှင့်အတူ ပုဒ်မ ၂၃ ၏ မိတ္တူနှင့်နည်းဥ ပဒေ ၁၁၀ ၏ မိတ္တူပါရှိစေရမည်။

၁၁၀။ ။ကောင်စီကသော်၎င်း၊ အက်ဥပဒေပုဒ်မ ၂၂ အရခန့်ထားသည့် ကော်မီတီကသော်၎င်း စုံစမ်းစစ် ဆေးမှု ပြုရမည်ဟုဆုံးဖြတ်၍ ထိုသို့ဆုံးဖြတ်သည့်အတိုင်း စုံစမ်းစစ်ဆေးမှုပြုရန် အကြောင်းစာ ထုတ်ဆင့်ထားသည့် အမှုအသီးသီးတွင် တိုင်တန်းသူရှိလျှင် တိုင်တန်းသူနှင့်စွပ်စွဲခံရသည့် လျှောက်ထား သူသည်၊ သို့တည်းမဟုတ် မှတ်ပုံဝင်ဆရာဝန်သည် ထုချေရန်၊ သို့တည်းမဟုတ် ပြန်လည်ချေပရန်၊ ဆိုင် သင့်ရာရာကိစ္စအလို့ငှါ မိမိကိုယ်တိုင်ကဖြစ်စေ၊ မိမိ၏ရှေ့နေကဖြစ်စေ ထိုကိစ္စအလို့ငှါ လက်မှတ်ရေးထိုး ထားသောစာဖြင့် တောင်းဆိုသည့်အခါ၊ ကောင်စီသို့ တဘက်အမှုသည်ကဖြစ်စေ၊ ၎င်းအတွက်ဖြစ်စေ ပေးသည့်၊ သို့တည်းမဟုတ် ပေးပို့သည့် ထို့ပြင်အဆိုပါ တဘက်အမှုသည်က အမှုကြားနာစစ်ဆေးရာတွင် နည်းလမ်းတကျ သက်သေထင်ရှားပြသောအခါ၊ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန်၊ အကြောင်းကြားစာတွင် သီးခြားဖေါ်ပြထားသည့်စွဲချက်ကိုထောက်ခံရန်၊ သို့တည်းမဟုတ် ချေပရန် သက်သေခံအဖြစ်ဖြင့် အသုံး ပြုပိုင်ခွင့်ရှိသည့်ထုတ်ဖေါ်ပြောဆိုချက်၊ ထုချေချက်၊ ချေပချက်၊ သို့တည်းမဟုတ်၊ အခြားစာတမ်းအမှတ် အသားတခုခု၏ မိတ္တူကိုမှတ်ပုံတင်အရာရှိထံမှရယူပိုင်ခွင့်ရှိသည်။ ထို့ပြင် စုံစမ်းစစ်ဆေးမှုပြုရန် အကြောင်းကြားစာအသီးသီးဖြင့် လျှောက်ထားသူ၊ သို့တည်းမဟုတ် မှတ်ပုံဝင်ဆရာဝန် ဤနည်းဥပဒေ ကို သတိပြုအောင်ညွှန်ပြရမည်။

၁၁၁။ ။ လျှောက်ထားသူကသော်၎င်း၊ မှတ်ပုံဝင်ဆရာဝန်ကသော်၎င်း အကြောင်းကြားစာထုတ်ဆင့် သည့်နေ့ရက်နှင့်စွဲချက်ကိုကြားနာစစ်ဆေးရန် သတ်မှတ်ထားသည့် နေ့ရက်စပ်ကြားပေးပို့သည့် ချေပလွှာ သက်သေခံချက်၊ သို့တည်းမဟုတ် ထွက်ဆိုချက်တခုခုကိုဖြစ်စေ၊ တင်သွင်းသည့် လျှောက်လွှာတခုခုကို ဖြစ်စေ ဥက္ကဋ္ဌသည်၊ ဥပဒေအကြံပေးချက်အရ မိမိသင့်သည်ထင်မြင်သည့်နည်းလမ်းအတိုင်း အရေးယူ ရမည်။

Myanmar Law Information System (MLIS)

၁၁၂။ ။ အမှုနှင့်စပ်လျဉ်း၍ သက်သေခံအဖြစ်ဖြင့် စုံစမ်းစစ်ဆေးမှုပြုလုပ်သော အာဏာပိုင်ရှေ့ဝယ် တင်ပြရမည့်အရေးပါအရာရောက်သော စာတမ်းအမှတ်အသားအား လုံးကို ပုံနှိပ်စေရမည့်ပြင် အမှုကို ကြားနာစစ်ဆေးခြင်းမပြုမီ ထိုင်ခဲ့သည့် အဖွဲ့ဝင်လူကြီးအသီးသီးအား တစောင်စီပေးရမည်။

၁၁၃။ ။ အမှုကို ကောင်စီကသော်၎င်း၊ ကော်မီတီကသော်၎င်း ကြားနာစစ်ဆေးရာ၌ အမှုစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ အကြံဉာဏ်ပေးရန် ၎င်းတို့၏ ရှေ့နေလာရောက်နိုင်သည့်ပြင် တိုင်တန်းသူနှင့်သက်ဆိုင်သူ ဆရာဝန်သည်၊ မိမိတို့ဆန္ဒရှိသည့်အတိုင်း တဦးလျှင် ရှေ့နေတယောက်စီဖြင့် ကိုယ်စားပြုစေနိုင်သည်၊ သို့ တည်းမဟုတ် တဦးလျှင် ရှေ့နေတယောက်စီ၏အကူအညီကိုရယူနိုင်သည်။

၁၁၄။ ။ တိုင်တန်းသူကိုယ်တိုင်လာရောက်အမှုဆိုင်သောအခါဖြစ်စေ ရှေ့နေဖြင့်အမှုဆိုင်သောအခါဖြစ်စေ လိုက်နာရန်နည်းလမ်းအစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ရမည်။

(၁) တိုင်တန်းသူသည် စွဲချက်ပါအချက်များကိုကောင်စီသို့၊ သို့တည်းမဟုတ် ကော်မီတီသို့ တင်ပြရမည်။ ထိုစွဲချက်ပါအချက်များကို အများရှေ့တွင် ဘတ်ပြရမည်။

(၂) ထို့နောက် သက်ဆိုင်သူဆရာဝန်အား စွဲချက်အသီးသီးနှင့်စပ်လျဉ်း၍ “အပြစ်ရှိကြောင်း”၊ သို့တည်း မဟုတ် “အပြစ်မရှိကြောင်း” ချေဆိုစေရန် ဆင့်ခေါ်ရမည်။ ထိုချေဆိုချက်ကို စွဲချက်ပါ အချက်များနှင့် တကွ ချက်ခြင်းရေးမှတ်ထားရမည်။ ထိုဆရာဝန်သည်၊ ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ စွဲချက်ကို ချေပခြင်းငှါအမှုဆိုင်ရန်ငြင်းဆိုလျှင်၊ သို့တည်းမဟုတ် သင့်လျော်သောအကြောင်းမရှိဘဲ ထိုသို့စွဲချက်ကို ချေပခြင်းငှါအမှုဆိုင်ရန်ပျက်ကွက်လျှင်၊ ၎င်းသည် ထိုစွဲချက်ပါအချက်များမှန်ကန်ကြောင်းကို ဝန်ခံသည် ဟု မှတ်ယူရမည်။

(၃) ထို့နောက် တိုင်တန်းသူသည်၊ ကောင်စီ၊ သို့တည်းမဟုတ် ကော်မီတီအား စွဲချက်ပါအချက်များနှင့် ၎င်းတို့မှန်ကန်ကြောင်းထင်ရှားပြသည့် သက်သေခံချက်များကို ရှင်းလင်းပြသည့်အနေဖြင့် လျှောက် လဲချက်ပေးနိုင်သည်။

(၄) ထို့နောက် နှုတ်ဖြင့်သက်သေခံချက်နှင့် သက်သေခံစာတမ်းအမှတ်အသားသက်သေခံချက်ကို တင်ပြ ရမည်။ သက်သေများကိုသက်ဆိုင်သူဆရာဝန်ကဖြစ်စေ၊ ၎င်း၏ကိုယ်စားဖြစ်စေ ပြန်လှန်စစ်မေးရမည်။ ထို့နောက်သက်သေများကို ပြန်လှန်စစ်မေးပြီးသော မည်သည့်အချက်ပေါ်တွင် မဆို တိုင်တန်းသူက သက်သေများအား ပြန်လည်စစ်ဆေးပိုင်ခွင့်ရှိရမည်။ ထိုသို့ပြန်လည်စစ်ဆေးရာတွင် ကိစ္စသစ်တခုခုနှင့် စပ်လျဉ်း၍ မည်သည့်မေးခွန်းကိုမျှ ကောင်စီ၏ခွင့်ပြုချက်မရရှိဘဲ မမေးရ။ ကောင်စီသည်၊ သို့တည်းမ ဟုတ် ကော်မီတီသည်၊ မိမိတို့သင့်သည်ထင်မြင်သည့် မေးခွန်းများကိုမေးနိုင်သည်။

(၅) တိုင်တန်းသူဘက်ကအမှုမပိတ်မီ လိုအပ်သည်ထင်မြင်လျှင်၊ ကောင်စီသည်၊ သို့တည်းမဟုတ် ကော်မီတီသည်၊ မိမိတို့၏ သဘောအတိုင်း တိုင်တန်းသူအား သက်ဆိုင်သူဆရာဝန်အားပေးသည့် စာရင်း တွင် မပါသောသက်သေခံချက်ကို တင်ပြရန် ခွင့်ပြုနိုင်သည်၊ သို့တည်းမဟုတ် မိမိတို့ကိုယ်တိုင် သက်သေ ခံချက်အသစ်ကို တောင်းဆိုနိုင်သည်။ ယင်းသို့ခွင့်ပြုသည့်ကိစ္စ၌ဖြစ်စေ၊ ယင်းသို့တောင်းဆို သည့်ကိစ္စ ၌ဖြစ်စေ ထိုဆရာဝန်က

ရက်ချိန်းတောင်းလျှင်၊ ထိုဆရာဝန်မှာ သက်သေခံချက် အသစ် မတင်ပြမီ စတင်ရှေ့ဆိုင်းသည့်နေ့ရက်နှင့်အမှုစစ်ဆေးရန် ချိန်းသည့်နေ့ရက်ကို ချန်လုပ်၍ အမှုဆိုင်းသုံးရက်တိတိ ရထိုက်ခွင့်ရှိရမည်။

(၆) တိုင်တန်းသူဘက်က အမှုပိတ်သောအခါ၊ သက်ဆိုင်ရာဆရာဝန်အား နှုတ်ဖြင့်သော်၎င်း၊ စာဖြင့်သော် ၎င်း မိမိကြိုက်နှစ်သက်သည့်အတိုင်း ထုချေရန်ဆင့်ဆိုရမည်၊ စာဖြင့်ထုချေလျှင်၊ ထိုစာကို အများရှေ့တွင် ဘတ်ပြရမည့်ပြင် မိတ္တူတစောင်ကိုလည်း တချိန်တည်းမှာပင် တိုင်တန်းသူအား ပေးရမည်။

(၇) ထို့နောက် ထုချေသူဘက်က သက်သေခံချက်ကို တင်ပြရမည့်ပြင် သက်သေများကိုလည်းစစ်ဆေးရ မည်။ ထိုသက်သေများမှာ တိုင်တန်းသူတင်ပြသော သက်သေများနည်းတူ ပြန်လှန်စစ်မေးခြင်းနှင့် ပြန် လည်စစ်ဆေးခြင်းခံထိုက်စေရမည့်ပြင် ကောင်စီ၏၊ သို့တည်းမဟုတ် ကော်မီတီ၏ စစ်ဆေးခြင်းကို လည်းခံထိုက်စေရမည်။

(၈) ကောင်စီကသော်၎င်း၊ ကော်မီတီကသော်၎င်း၊ ၎င်းတို့ခန့်ထားသောသူတဦးတယောက်ကသော်၎င်း ထွက်ဆိုချက်မှ မှတ်သားဘွယ်ရာများကို မြန်မာဘာသာဖြင့် ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ၊ နှစ်ဘာ သာလုံးဖြင့်ဖြစ်စေ ရေးမှတ်ထားရမည်။ ထိုသို့ရေးမှတ်ထားသည့် မှတ်သားချက်များကို ထွက်ဆိုသည့် သက်သေအသီးသီးအား ကျယ်စွာဘတ်ပြရမည့်ပြင် ရှင်းပြရန်လိုအပ်လျှင်လည်း ထွက်ဆိုသည့် ဘာသာ စကားဖြင့်ရှင်းပြရမည်။ ထိုသက်သေထွက်ဆိုချက်မှ မှတ်သားချက်ကို အမှုတွဲတွင်ထည့်ထားရမည်။

(၉) သက်ဆိုင်သူဆရာဝန်က နှုတ်ဖြင့်သာထုချေ၍ သက်သေခံမတင်ပြလျှင် စုံစမ်းစစ်ဆေးမှုသည် ၎င်း၏ ထုချေချက်ဖြင့်အပြီးသတ်ရမည်။ ထိုဆရာဝန်ကထုချေလွှာတင်သွင်းလျှင်၊ သို့တည်းမဟုတ် သက်သေခံ တင်ပြလျှင် တိုင်တန်းသူမှာ အမှုတခုလုံးကို ခြုံ၍ယေဘုယျဖြစ်သော နှုတ်ဖြင့်ပြန်လည် ချေပချက်ကို ပြု ပိုင်ခွင့်ရှိရမည့်ပြင် ထုချေသူဘက်ကတင်ပြသည့် မည်သည့်သက်သေခံချက်ကိုမဆို ဆန့်ကျင်စေရန် သက် သေခံကိုလည်းတင်ပြနိုင်သည်။ ထိုသို့ သက်သေခံတင်ပြလျှင် သက်ဆိုင်သူ ဆရာဝန်မှာ မိမိအားပေးထား သည့်စာရင်းတွင် ထိုသို့သော သက်သေခံအသစ်မပါခဲ့သော်လည်း အမှုကို ရွှေ့ဆိုင်းပိုင်ခွင့်မရှိစေရ။

(၁၀) ကောင်စီသည်၊ သို့တည်းမဟုတ် ကော်မီတီသည်၊ စွဲချက်ပါအချက်များကို၊ သို့တည်းမဟုတ် အချက် တခုခုကိုရှင်းလင်းစွာ၊ သို့တည်းမဟုတ် အသင့်အတင့်တိကျစွာမရေးသားဟုထင်မြင်လျှင် ၎င်းကိုပြင်ရန် မိမိတို့သဘောအတိုင်း ဆင့်ဆိုနိုင်သည်၊ ထိုသို့ဆင့်ဆိုသောအခါ၊ ကောင်စီသည်၊ သို့တည်းမဟုတ် ကော်မီ တီသည်၊ စုံစမ်းစစ်ဆေးမှုကိုလည်း တိုင်တန်းသူက၊ သို့တည်းမဟုတ် ဆရာဝန်က ရွှေ့ဆိုင်းရန်လျှောက် ထားပါက မိမိတို့သင့်လျော်သည်ထင်မြင်ယူဆသည့် အချိန်ထိ ရွှေ့ဆိုင်းနိုင်သည်။ ကောင်စီသည်၊ သို့တည်းမဟုတ် ကော်မီတီသည်၊ စုံစမ်းစစ်ဆေးမှုကို သက်ဆိုင်ရာတိုင်တန်းသူက၊ သို့တည်းမဟုတ် ဆရာဝန်က သက်သေတဦးဦး မကျန်းမာခြင်းဟူသော၊ သို့တည်းမဟုတ် မလွှဲမရှောင်သာ၍ မလာရောက် ခြင်းဟူသောအကြောင်းကြောင့်သော်၎င်း၊ မိမိတို့သင့်လျော်သည်ဟုယူဆသည့်အခြားအကြောင်းကြောင့် သော်၎င်း ရွှေ့ဆိုင်းရန်လျှောက်ထားသည့်အခါ၊ မိမိတို့သင့်သည်ထင်မြင်လျှင် အခါအားလျော်စွာ ရွှေ့ဆိုင်း နိုင်သေးသည်။ အဆိုပါ လျှောက်ထားချက်ကို ပြုလုပ်၍

ငြင်းပယ်လျှင်ကောင်စီသည်၊ သို့တည်းမဟုတ် ကော်မီတီသည်၊ ထိုလျှောက်ထားချက်ကိုင်း၊ ထိုလျှောက်ထားချက်ကိုလိုက်လျောရန်ငြင်းဆန်ခြင်းအ တွက် မိမိတို့၏ အကြောင်းပြချက်များကိုင်း ရေးမှတ်ထားရမည်။

၁၁၅။ ။ တိုင်တန်းသူမရှိသောအခါ၊ လိုက်နာရမည့်နည်းလမ်း အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ရ မည်။

(၁) ကော်စီ၏မှတ်ပုံတင်အရာရှိသည်၊ မှတ်ပုံတင်ရန်လျှောက်ထားသူထံ၊ သို့တည်းမဟုတ် မှတ်ပုံဝင် ဆရာဝန်ထံလိပ်တပ်ထားသည့် စုံစမ်းစစ်ဆေးမှုပြုရန်အကြောင်းကြားစာကို ကောင်စီအားဘတ်ပြရမည့် ပြင်၊ အမှု၏အကြောင်းအရာများကို ဖေါ်ပြပြီးလျှင်၊ ထိုအမှုကိုထောက်ခံသည့် သက်သေခံကိုလည်း ကောင်စီရှေ့တွင် တင်ပြရမည်။

(၂) ထို့နောက်မှတ်ပုံတင်ရန် လျှောက်ထားသူအား၊ သို့တည်းမဟုတ် မှတ်ပုံဝင်ဆရာဝန်အား၊ ကိုယ်တိုင် ဖြစ်စေ၊ မိမိ၏ရှေ့နေဖြင့်ဖြစ်စေ မိမိ၏အမှုကိုဖေါ်ပြရန်ငင်း၊ ထိုအမှုကိုထောက်ခံသည့် မိမိ၏သက်သေခံ ချက်များကိုတင်ပြရန်ငင်း ဘိတ်ခေါ်ရမည်။ ၎င်းသည် သက်သေထင်ရှားမပြမိဖြစ်စေ၊ သက်သေထင်ရှား ပြ၍ပြီးဆုံးသောအခါ၌ဖြစ်စေ ကောင်စီအား လျှောက်လဲချက်ပေးနိုင်သည်။ သို့ရာတွင် တကြိမ်သာပေးရ မည်။

(၃) ကောင်စီ၏ရှေ့နေက ပြန်လည်ချေပခြင်းကို ကောင်စီကကြားနာလိုလျှင်၊ ထိုရှေ့နေ၏ချေပခြင်းကို ကြားနာနိုင်သည်။

၁၁၆။ ။ (၁) အမှုစစ်ဆေးပြီးသောအခါ၊ ကောင်စီသည်၊ သို့တည်းမဟုတ် ကော်မီတီသည်၊ ထိုအမှုကို လျှို့ ဝှက်စွာ စဉ်းစားဆွေးနွေးရမည်။ ဆွေးနွေးပြီးသောအခါ၊ စွဲချက်ပါအချက်များမှန်ကြောင်း သက်သေထင် ရှားမထင်ရှားသက်ဆိုင်ရာဆရာဝန်မှာ၊ ပညာရှင်လုပ်ငန်းနှင့်စပ်လျဉ်း၍ မအပ်မရာ ကျင့်မိစ္ဆာပြုကျင့်မှု ကျူးလွန်မကျူးလွန်ဟူသော ပြဿနာနှင့်စပ်လျဉ်း၍ မဲဆန္ဒရယူရမည်။

(၂) ဆရာဝန်သည်၊ ပညာရှင်လုပ်ငန်းနှင့်စပ်လျဉ်း၍ မအပ်မရာကျင့်မိစ္ဆာပြုကျင့်မှုကို ကျူးလွန်သည်ဟု ကောင်စီက၊ သို့တည်းမဟုတ် ကော်မီတီက အစည်းအဝေးတက်ရောက်မဲပေးသည့် လူကြီးသုံးပုံနှစ်ပုံ၏ မဲများရာဖြင့်ဆုံးဖြတ်လျှင်၊ ဆရာဝန်အား မှတ်ပုံတင်ခွင့်မပြုလိုငြင်းဆိုနိုင်သည်၊ သို့တည်းမဟုတ် ၎င်း၏အ မည်ကို မှတ်ပုံစာရင်းမှ ထာဝစဉ်ဖြစ်စေ၊ သတ်မှတ်သည့်အချိန်ကာလအပိုင်းအခြား အတွက်ဖြစ်စေ ထုတ်ပယ်ရန်အမိန့်ချမှတ်နိုင်သည်။ ထိုအမိန့်အတိုင်း ဆောင်ရွက်ရန် ဥက္ကဋ္ဌက၊ မှတ်ပုံတင်အရာရှိအား ညွှန် ကြားရမည်။

၁၁၇။ ။ အဆိုပါနည်းဥပဒေများပါပြဋ္ဌာန်းချက်များနှင့်အညီ၊ ဆရာဝန်တဦးဦး၏အမည်ကို မှတ်ပုံမတင် လိုငြင်းဆိုသောအခါဖြစ်စေ၊ မှတ်ပုံဝင်ဆရာဝန်တဦးဦး၏ အမည်ကို မှတ်ပုံစာရင်းမှထုတ်ပယ်သောအ ခါဖြစ်စေ ထိုသို့ငြင်းဆိုသည့်၊ သို့တည်းမဟုတ် ထုတ်ပယ်သည့်အကြောင်းကြားစာကို၊ မှတ်ပုံတင်အရာရှိ က သက်ဆိုင်ရာဆရာဝန်ထံသို့ ချက်ခြင်းပေးပို့ရမည်။ အဆိုပါအကြောင်းကြားစာကို၊ နောက်ဆုံးသိရှိရ သောနေရပ်သို့ ရီစစ္စတြီပြုလုပ်ပေးပို့ရမည်။ ထိုမှတပါး၊ မှတ်ပုံတင်အရာရှိသည်၊ ထိုသို့ငြင်းဆိုသည့်၊ သို့တည်းမဟုတ် ထုတ်ပယ်သည့် အကြောင်းကြားစာကို၊ ဆရာဝန်အား ဘွဲ့အရည်အချင်း၊ သို့တည်းမ ဟုတ် ဘွဲ့အရည်အချင်းများအပ်နှင်းသည့်အဖွဲ့သို့၊ သို့တည်းမဟုတ် အဖွဲ့များသို့ ချက်ခြင်းပေးပို့ရမည့် ပြင်၊ ထိုအဖွဲ့၊ သို့တည်းမဟုတ် အဖွဲ့များကိုလည်း

ဆရာဝန်မှတ်ပုံစာရင်းတွင် မှတ်ပုံတင်နိုင်သည့် ဘွဲ့အ ရည်အချင်းသစ်တခုခုအတွက် မည်သည့်စာမေးပွဲသို့မျှ ကောင်စီအား တင်ကြိုထောက်လှမ်းမေးမြန်းခြင်း မပြုဘဲ၊ ထိုဆရာဝန်အား ဝင်ခွင့်မပြုရန် ပန်ကြားရမည်။

**မှတ်ချက်**။ ။ "ပညာရှင်လုပ်ငန်းနှင့်စပ်လျဉ်း၍၊ မအပ်မရာကျင့်မိစ္ဆာပြုကျင့်မှု ကျူးလွန်သည်" ဟူ၍၊ ၁၈၉၂ ခုနှစ်၊ အယူခံတရားရုံးတွင် အဓိပ္ပါယ်ဖေါ်ပြထားသည့်အတိုင်း၊ ဤနည်းဥပဒေတွင် ပြဋ္ဌာန်းထား သည့်ကောင်စီ၏ ဆုံးဖြတ်ချက်အဓိပ္ပါယ်နှင့်အကျယ်အဝန်းမှာ၊ အောက်ပါအတိုင်းဖြစ်သည်။

"ဆရာဝန်တဦးသည်၊ မိမိ၏လုပ်ငန်းကိုဆောင်ရွက်ရာ၌၊ ထိုလုပ်ငန်းနှင့်စပ်လျဉ်း၍၊ ဂုဏ်သတင်း၊ ပညာအရည်အချင်းနှင့်ပြည့်စုံသော မိမိ၏လုပ်ဖေါ်လုပ်ဘက်အခြားဆရာဝန်များက မဖွယ်မရာဟု၊ သို့ တည်းမဟုတ် ယုတ်မာဆိုးညစ်သည်ဟု အကြောင်းလုံလောက်စွာ ယူဆသောအမှုတခုခုကို ပြုလျှင်၊ "ပညာရှင်လုပ်ငန်းနှင့်စပ်လျဉ်း၍၊ မအပ်မရာကျင့်မိစ္ဆာပြုကျင့်မှု" ကျူးလွန်သည်ဟု ကောင်စီကဆိုလို သော် ဆိုနိုင်သည်။"

၁၁၈။ ။ မှတ်ပုံဝင်ဆရာဝန်သည်၊ ဘိန်းအက်ဥပဒေ၊ သို့တည်းမဟုတ် ဘေးအန္တရာယ်ဖြစ်စေတတ်သော ဆေးများဆိုင်ရာ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကိုငင်း၊ ထိုအက်ဥပဒေများအရ ပြုသည့်နည်းဥပဒေများ နှင့် စည်းမျဉ်းဥပဒေများကိုငင်း ဆန့်ကျင်လျှင်၊ ၎င်းကိုရာဇဝတ်မှုစွဲဆိုနိုင်သည်။ ထိုသို့ရာဇဝတ်မှုစွဲခြင်း ကြောင့် ထိုဆရာဝန်မှာ၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်၊ ၎င်းအား၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအဖြစ် ဖြင့်၊ အက်ဥပဒေပုဒ်မ ၂၁ ဖြင့်အပ်နှင်းသည့် အာဏာများအရ၊ ကောင်စီကအရေးယူနိုင်သည်။ သို့ရာတွင် မှတ်ပုံဝင်ဆရာဝန်သည်၊ ထိုအက်ဥပဒေများအရ၊ သို့တည်းမဟုတ် စည်းမျဉ်းဥပဒေများအရ၊ မှတ်ပုံဝင် ဆရာဝန်အား အပ်နှင်းထားသည့် အခွင့်အရေးများကို အလွဲသုံးစားပြုရာရောက်အောင်၊ အဆိုပါအက်ဥ ပဒေများကို၊ သို့တည်းမဟုတ် စည်းမျဉ်းဥပဒေများကို ဆန့်ကျင်လျှင်၊ ထိုသို့ဆန့်ကျင်သည်ဟု ကောင်စီ ကကြေနပ်အောင် သက်သေထင်ရှားပြုလျှင်၊ ထိုမှတ်ပုံဝင်ဆရာဝန်သည်၊ မိမိ၏အမည်ကို မှတ်ပုံစာရင်းမှ ထုတ်ပယ်ခြင်းခံရမည်။

၁၁၉။ ။ လိုင်စင်အပ်နှင်းသည့်အဖွဲ့က၊ မှတ်ပုံဝင်ဆရာဝန်ထံ ဘွဲ့အရည်အချင်းတခုခုကိုတရားဥပဒေနှင့် အညီ၊ နည်းလမ်းတကျရုပ်သိမ်းလိုကြောင်းဖြင့်၊ ကောင်စီက ထိုအဖွဲ့ထံမှ အကြောင်းကြားစာရရှိသောအ ခါ၊ ထိုသို့ရုပ်သိမ်းခြင်းမှာ၊ ဆေးပညာနှင့်ခွဲစိပ်ကုပညာဆိုင်ရာ ဝါဒတခုခုကိုလိုက်နာသောကြောင့် ရုပ် သိမ်းခြင်းမဟုတ်လျှင်၊ ကောင်စီသည်၊ အဆိုပါမှတ်ပုံဝင်ဆရာဝန်နှင့်သက်ဆိုင်သော ဘွဲ့အရည်အချင်းကို၊ သို့တည်းမဟုတ် ဘွဲ့အရည်အချင်းများကို၊ မှတ်ပုံစာရင်းမှ ထုတ်ပယ်သင့်သည်ထင်မြင်လျှင်၊ ထိုသို့ ထင် မြင်သည့်အတိုင်းထုတ်ပယ်ရန်၊ ဥက္ကဋ္ဌက သဘာပတိအဖြစ်ဖြင့် နည်းလမ်းအတိုင်း တင်သွင်းသည့်ဆုံး ဖြတ်ချက်ဖြင့် မှတ်ပုံတင်အရာရှိအား ညွှန်ကြားရမည်။

၁၂၀။ ။ကောင်စီ၏ညွှန်ကြားချက်အရ၊ မှတ်ပုံဝင်ဆရာဝန်တဦးဦး၏ဘွဲ့အရည်အချင်းအားလုံးကို၊ မှတ် ပုံစာရင်းမှပယ်ဖျက်ခဲ့လျှင်၊ ကောင်စီသည်၊ အဆိုပါဆရာဝန်၏အမည်ကို မှတ်ပုံစာရင်းမှထုတ်ပယ်ရန် သင့်သည်ထင်မြင်လျှင်၊ ထိုသို့ထင်မြင်သည့်အတိုင်း၊ ထုတ်ပယ်ရန် ဥက္ကဋ္ဌက၊ သဘာပတိအဖြစ်ဖြင့် နည်း လမ်းအတိုင်းတင်သွင်းသည့် ဆုံးဖြတ်ချက်ဖြင့် မှတ်ပုံတင်အရာရှိအား ညွှန်ကြားရမည်။

Myanmar Law Information System (MLIS)

## ၁၀။ ။ ဆရာဝန်မှတ်ပုံစာရင်းတွင် အမည်ပြန်သွင်းခြင်း။

၁၂၁။ ။ မှတ်ပုံစာရင်းတွင် အမည်ပြန်သွင်းရန်တင်သွင်းမည့်လျှောက်လွှာများကို၊ ထိုသို့တင်သွင်းပြီး နောက်

ပဋ္ဌမအကြိမ်ကျင်းပသည့် ကောင်စီ၏ သာမန်အစည်းအဝေးတွင် လက်ခံရမည်။

ဆရာဝန်တဦးတယောက်၏အမည်ကို၊ ၎င်း၏တောင်းဆိုချက်အရဖြစ်စေ၊ အက်ဥပဒေပုဒ်မ ၂၁ အရဖြစ် စေ

မှတ်ပုံစာရင်းမှထုတ်ပယ်ထားလျှင်၊ ထိုအမည်ကို ပြန်လည်မှတ်ပုံတင်ရန်အတွက် အခကျပ်ငါးဆယ် တောင်းခံရမည်။

၁၂၂။ ။ မည်သူမဆို၊ မိမိ၏အမည်ကို ကောင်စီ၏ညွှန်ကြားချက်ဖြင့် မှတ်ပုံစာရင်းမှထုတ်ပယ်ထားသော် လည်း၊

မိမိ၏မှတ်ပုံတင်ထိုက်သည့်ဘွဲ့အရည်အချင်းရှိနေသေး၍ မိမိ၏အမည်ကို မှတ်ပုံစာရင်းတွင် ပြန် သွင်းရန်

လျှောက်ထားသောအခါ၊ လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းစည်းကမ်းမှာ အောက်ပါအတိုင်း ဖြစ်စေရမည်။

(၁) လျှောက်လွှာကို လျှောက်ထားသူကလက်မှတ်ရေးထိုး၍ ကောင်စီသို့ ပေးပို့ရမည့်ပြင်၊ လျှောက်ထား

သည့်အကြောင်းပြချက်များကိုလည်း ဖော်ပြရမည်။

(၂) အက်ဥပဒေပုဒ်မ ၂၁ အရ ထုတ်ပယ်ထားသူ၏အမည်ကို မှတ်ပုံစာရင်းတွင် ပြန်သွင်းရန်တင်သွင်း သော

မည်သည့်လျှောက်လွှာကိုမျှ၊ ၎င်းနှင့်အတူ လျှောက်ထားသူကအဖြစ်အပျက်အကြောင်းအရာများ ဖော်ပြလျက်၊

၎င်းသည် မူလကမှတ်ပုံတင်ထားသူဖြစ်ကြောင်းဖြင့် ထွက်ဆိုသည့်ဝန်ခံချက်နှင့် မှတ်ပုံဝင် ဆရာဝန်နှစ်ဦးထံမှ

ထိုသူဟုတ်မှန်ကြောင်း သက်သေခံလက်မှတ်များဖြစ်စေ၊ လျှောက်ထားသူသည်၊ နိုင် ငံခြားတွင် နေထိုင်သူဖြစ်လျှင်၊

ရာဇဝတ်တရားသူကြီးနှစ်ဦးကသော်၎င်း၊ ပြန်တမ်းဝင်အရာရှိနှစ်ဦး၊ သို့ တည်းမဟုတ်

ပြန်တမ်းဝင်အရာရှိနှင့်တူညီသော အရာရှိနှစ်ဦးကသော်၎င်း လက်မှတ်ရေးထိုးသည့် သက် သေခံလက်မှတ်ကိုဖြစ်စေ

မပါရှိလျှင်၊ လက်မခံရ။

ထိုဟုတ်မှန်ကြောင်း သက်သေခံလက်မှတ်အသီးသီးမှာ အောက်တွင် ဖော်ပြထားသည့်အတိုင်းဖြစ်ရမည်။

"အထက်အဆိုပါ လျှောက်ထားသူသည်၊ အထက်တွင် သီးခြားဖော်ပြထားသူ______________ဖြစ်ပါ သည်။

၎င်း၏အမည်မှာ အောက်ပါနေရပ်၊ ဘွဲ့အရည်အချင်းများနှင့်တကွ ဆရာဝန်မှတ်ပုံစာရင်းတွင် ယခင်က ပါရှိခဲ့ကြောင်း

သက်သေခံလက်မှတ်ရေးထိုးပါသည်။"

အမည်+ -

အောက်ပါအကြောင်းအရာများ-

(၁) မှတ်ပုံတင်နေ့စွဲ-

(၂) မှတ်ပုံတင်အမှတ်-

(၃)လူမျိုး-

(၄) အဘအမည်-

(၅) မွေးဖွါးသည့်နေ့စွဲ-

(၆) အမြဲနေရပ်၊ လိပ်စာ-

(၇) မှတ်ပုံဝင်ဘွဲ့အရည်အချင်းများနှင့် ထိုဘွဲ့အရည်အချင်းများရရှိသည့်နေ့စွဲများ-

Myanmar Law Information System (MLIS)

(၈) ရာထူးခန့်ထားခြင်းခံရသောအမှုထမ်းအဖွဲ့အမည်-

(၃) လျှောက်လွှာတွင်ပါရှိသောဖေါ်ပြချက်များမှန်ကန်ကြောင်းကို၊ ပြန်တမ်းဝင်အရာရှိနှင့်လျှောက်ထား သူအား ထုတ်ပယ်သည့်နေ့မှစ၍၊ ၎င်းနေထိုင်ရာအရပ်အနီးအနားတွင် နေထိုင်သည့် မှတ်ပုံဝင်ဆရာဝန် တို့က စာဖြင့် ရေးပေးထားသော သက်သေခံလက်မှတ်များဖြင့်ထောက်ခံရမည်။ ထိုပြန်တမ်းဝင်အရာရှိ တို့နှင့် မှတ်ပုံဝင်ဆရာဝန်တို့သည်၊ လျှောက်ထားသူကို ၎င်း၏အမည်မထုတ်ပယ်မီကဒင်း၊ ထုတ်ပယ်ပြီး နောက် ၎င်းကောင်းစွာသိကျွမ်းသူများဖြစ်ရမည့်ပြင်၊ လျှောက်ထားသူမှာ ယခုအခါ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်းကိုလည်း ထောက်ခံရမည်။

(၄) လျှောက်လွှာရရှိသောအခါ၊ မှတ်ပုံတင်အရာရှိသည်၊ ထိုလျှောက်လွှာကို အမှုဆောင်ကော်မီတီသို့ စဉ်း စားဆင်ခြင်၍ အစီရင်ခံရန်လွှဲအပ်ရမည်။ ကော်မီတီက၊ လျှောက်လွှာကို မစဉ်းစားမဆင်ခြင်မီ ထိုသို့ လျှောက်ထားကြောင်းကို၊ မှတ်ပုံတင်အရာရှိက လျှောက်ထားသူ၏အမည်ကို ထုတ်ပယ်သည့်အချိန်၌၊ ၎င်းလက်ရှိဖြစ်သည့် ဘွဲ့အရည်အချင်းများအပ်နှင်းသောအဖွဲ့သို့ အကြောင်းကြားရမည့်ပြင်၊ တဦးတ ယောက်သောသူ၏၊ သို့တည်းမဟုတ် အဖွဲ့တခုခု၏ တိုင်တန်းချက်အရ လျှောက်ထားသူ၏အမည်ကို မှတ်ပုံစာရင်းမှထုတ်ပယ်ခဲ့ရသည်ဖြစ်လျှင်၊ ထိုသို့တိုင်တန်းသောသူအား၊ သို့တည်းမဟုတ် အဖွဲ့အား ထို သို့ လျှောက်ထားသည်ကို ၎င်း၊ ထိုလျှောက်လွှာကိုကော်မီတီကမည်သည့်အချိန်တွင် စဉ်းစားဆင်ခြင်ရန် ကြံရွယ်သည်ကို၎င်း အကြောင်းကြားရမည်။

(၅) အမှုဆောင်ကော်မီတီသည်၊ လျှောက်လွှာကိုစဉ်းစားဆင်ခြင်ရမည့်ပြင်၊ ထိုသို့စဉ်းစားဆင်ခြင်ခြင်း ကို နောက်တရက်သို့ရွှေ့ဆိုင်းသင့်သည်ထင်မြင်လျှင်လည်း ရွှေ့ဆိုင်းနိုင်သည်။ သို့တည်းမဟုတ် လျှောက် ထားသူထံမှနောက်ထပ် သက်သေခံကိုသော်၎င်း၊ ရှင်းလင်းချက်ကိုသော်၎င်း တောင်းဆိုသင့်သည်ဟု ထင်မြင်လျှင်လည်း တောင်းဆိုနိုင်သည်။

(၆) အမှုဆောင်ကော်မီတီသည်၊ လျှောက်လွှာနှင့်စပ်လျဉ်း၍၊ ကောင်စီအား လျှို့ဝှက်စွာ အစီရင်ခံရမည်။ ထိုအစီရင်ခံစာတွင် ကော်မီတီက ပေးသင့်သည်ဟုထင်မြင်သည့် ထောက်ခံချက်များထည့်သွင်းပါရှိစေရ မည့်ပြင်၊ ထိုထောက်ခံချက်များအတွက် အကြောင်းပြချက်များကိုလည်းဖေါ်ပြရမည်။

(၇) အပိုဒ် (၁) အရ တင်သွင်းသည့် လျှောက်လွှာနှင့် အပိုဒ် (၃)အရ ပေးသည့် သက်သေခံလက်မှတ်မှာ ဤနည်းဥပဒေများဆိုင်ရာ နောက်ဆက်တွဲပါ ပုံစံ ၈ နှင့် ၉ အတိုင်းဖြစ်ရမည်။ ထိုပုံစံများကို၊ အခြေအနေ အရလိုအပ်သည့်အတိုင်း ပြောင်းလဲနိုင်သည်။ ပုံနှိပ်ပြီးပုံစံများကို၊ မှတ်ပုံတင်အရာရှိကထားရှိ၍၊ လျှောက် လွှာတင်သွင်းလိုသူများအားထုတ်ပေးရမည်။

**၁၁။ ။ မှတ်ပုံတင်အရာရှိ၊ စာရေးစာချီများနှင့် ရုံးချိန်များ။**

၁၂၃။ ။ မှတ်ပုံတင်အရာရှိ၏လစာကို၊ ကောင်စီက၊ နိုင်ငံတော်သမတ၏ကြိုတင်သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။ ထိုအရာရှိမှာ မြန်မာနိုင်ငံခရီးစရိတ်နည်းဥပဒေများအရ သတ်မှတ်ထားသည့် နှုန်းများ အတိုင်းခရီးစရိတ်ရရှိစေရမည်။

၁၂၄။ ။ ။ မှတ်ပုံတင်အရာရှိသည်၊ မိမိ၏မှတ်ပုံစာရင်းများကို၊ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်၎င်း၊ ကောင်စီ၏နည်းဥပဒေများနှင့်၎င်း အညီထားရှိရမည်။

Myanmar Law Information System (MLIS)

၁၂၅။ ။ မှတ်ပုံတင်အရာရှိသည်၊ ကောင်စီနှင့်အမှုဆောင်ကော်မီတီအစည်းအဝေးကျင်းပသည့်အခါ တိုင်းအစည်းအဝေးသို့ တက်ရောက်ရမည့်ပြင်၊ အဆိုပါအစည်းအဝေးတွင် ဆောင်ရွက်မှုများကိုလည်း ရေးမှတ်ရမည်။

၁၂၆။ ။ မှတ်ပုံတင်အရာရှိသည်၊ အတွင်းရေးမှူးအဖြစ်ဖြင့် ကောင်စီ၏စာပေးစာယူကိုတာဝန်ခံ၍ ဆောင်ရွက်ရမည့်ပြင်၊ ပေးပို့ရန်လိုအပ်သောအကြောင်းကြားစာအားလုံးကိုလည်း၊ ဤနည်းဥပဒေများအ ရ လိုအပ်သည့် နည်းလမ်းအတိုင်းပေးပို့ရမည်။

၁၂၇။ ။ မှတ်ပုံတင်အရာရှိသည်၊ ကောင်စီ၏ တည်ဆဲနည်းဥပဒေများအရ၊ မိမိအားဆောင်ရွက်စေလို သည့် တာဝန်ဝတ်တရားအားလုံးကို ဆောင်ရွက်ရမည်။

၁၂၈။ ။ မှတ်ပုံတင်အရာရှိသည်၊ အများပြည်သူအလုပ်ပိတ်ရက်များကိုချန်လှပ်၍၊ သတ်မှတ်ထားသော အစိုးရရုံးချိန်များ၌၎င်း၊ လိုအပ်လျှင် အခြားအချိန်များ၌၎င်း ရုံးတက်ရမည်။ ဥက္ကဋ္ဌ၏ခွင့်ပြုချက်မရ လျှင် အလုပ်ခွင်သို့မလာရောက်ဘဲမနေရ။

၁၂၉။ ။ မှတ်ပုံတင်အရာရှိမှာ၊ ရုံးကိုစီမံအုပ်ချုပ်ရေးတွင် ယေဘုယျအားဖြင့် ကြီးကြပ်နိုင်ခွင့်ရှိရမည့်ပြင်၊ စာရေးစာချီများနှင့် လုပ်သားများအပေါ်တွင်လည်း အာဏာရှိရမည်။

၁၃၀။ ။ စာရေးစာချီများ၏ တာဝန်ဝတ်တရားများသည်၊ အမှုဆောင်ကော်မီတီ၏ ညွှန်ကြားချက်အရ၊ မှတ်ပုံတင်အရာရှိက ၎င်းတို့အား လွှဲအပ်ချထားပေးသည့် အတိုင်းဖြစ်ရမည်။

၁၃၁။ ။ စာရေးစာချီများသည်၊ အများပြည်သူအလုပ်ပိတ်ရက်များကို ချန်လှပ်၍၊ ပြဋ္ဌာန်းထားသောအစိုး ရရုံးချိန်များ၌၎င်း၊ လိုအပ်လျှင်အခြားအချိန်များ၌၎င်း ရုံးတက်ရမည်။ မှတ်ပုံတင်အရာရှိ၏ခွင့်ပြုချက် မရလျှင် အလုပ်ခွင်သို့ မလာရောက်ဘဲမနေရ။

၁၃၂။ ။ စာရေးများအား ခွင့်ပေးရန်လိုအပ်သောအခါ၊ မူလအခြေခံနည်းဥပဒေများနှင့်အညီ ပေးရမည့် ပြင်၊ ခွင့်လစာပေးခြင်းကိုလည်း၊ ထိုနည်းဥပဒေများအရ စည်းမျဉ်းသတ်မှတ်ရမည်။

**၁၂။ ။ ဆေးဘက်ဆိုင်ရာ ဘွဲ့အရည်အချင်းအပ်နှင်းသည့်အဖွဲ့များမှ အစီရင်ခံစာရင်း။**

၁၃၃။ ။ မည်သည့်ကိစ္စတွင်မဆို အက်ဥပဒေပုဒ်မ ၁၄အရ လိုအပ်သောအကြောင်းအရာကို၊ ကောင်စီက အက်ဥပဒေ၏ဇယားတွင် အမည်ဖော်ပြထားသည့်အဖွဲ့များထံမှ တောင်းဆိုလျှင်၊ မှတ်ပုံတင်အရာရှိသည်၊ အဆိုပါ အကြောင်းအရာပေးပို့ရမည့်နေ့ရက်မတိုင်မီ အနည်းဆုံး တလကကြိုတင်၍ ထိုအဖွဲ့အသီးသီး အားအကြောင်းကြားရမည်။

၁၃၄။ ။ နှစ်စဉ်ဧပြီလနှင့်အောက်တိုဘာလအတွင်း ရန်ကုန်တက္ကသိုလ်၊ ဆေးအတတ်သင်မဟာဌာနမှူး အားငင်း၊ မန္တလေးတက္ကသိုလ်ဆေးအတတ်သင်မဟာဌာနမှူးအား၎င်း အစီရင်ခံစာများကို သတ်မှတ် ထားသော ပုံစံအတိုင်း ကောင်စီသို့ပေးပို့ရန် မေတ္တာရပ်ခံရမည်။ ထိုအစီရင်ခံစာရင်းတွင် ထိုနှစ်မတ်လနှင့် စက်တဘာလအသီးသီး၌၊ နောက်ဆုံးစာမေးပွဲအောင်မြင်သူဦးရေကို၎င်း၊ အဆိုပါ စာမေးပွဲအောင်မြင်သူ ဦးရေကို၎င်း၊ အဆိုပါစာမေးပွဲ၌ အပယ်ခံရသူဦးရေကို၎င်း ဖော်ပြရမည်။

**၁၃။ ။ တံဆိပ်။**

Myanmar Law Information System (MLIS)

၁၃၅။ ။ ကောင်စီပိုင်တံဆိပ်ကို သော့ခလောက်နှစ်မျိုးခတ်သေတ္တာထဲတွင် သိမ်းဆည်းထားရမည်။ သော့ခလောက်တခု၏သော့ကို ဥက္ကဋ္ဌထိန်းသိမ်း၍၊ အခြားသော့ခလောက်တခု၏သော့ကို မှတ်ပုံတင်အရာရှိ က ထိန်းသိမ်းရမည်။

၁၃၆။ ။ တံဆိပ်ကို ကောင်စီ၏အမိန့်ဖြင့်သာ၊ သို့တည်းမဟုတ် ကောင်စီအစည်းအဝေးကျင်းပနေစဉ် အခါမဟုတ်လျှင်၊ အမှုဆောင်ကော်မီတီ၏ အမိန့်ဖြင့်သာ ခတ်နှိပ်ရမည်။ သို့သော် အမှုဆောင်ကော်မီတီ သည်၊ တံဆိပ်ကို ကောင်စီက မိမိအား လွှဲအပ်ထားသည့်အာဏာများသုံးစွဲဆောင်ရွက်ရန် လိုအပ်သော ကိစ္စများအတွက်သာ အသုံးပြုရမည်။

၁၃၇။ ။ တံဆိပ်ခတ်နှိပ်ရန်အမိန့်ချမှတ်လျှင်၊ တံဆိပ်အသုံးပြုရသည့် ကိစ္စကို ဖော်ပြရမည့်ပြင်၊ ကောင်စီ အစည်းအဝေးမှတ်တမ်း၊ သို့တည်းမဟုတ် အမှုဆောင်ကော်မီတီအစည်းအဝေးမှတ်တမ်းဆိုင်သင့်ရာရာ တွင်လည်းရေးသွင်းရမည်။

## ၁၄။ ။ စာမေးပွဲများနှင့် ပညာသင်အဖွဲ့အစည်းများသို့ သွားရောက်ကြည့်ရှုခြင်း။

၁၃၈။ ။ အက်ဥပဒေပုဒ်မ ၁၃ ဖြင့် ပေးအပ်သည့်အာဏာများအရ၊ ကောင်စီသည်၊ ကောင်စီလူကြီးများ ကိုသော်၎င်း၊ တဦးတယောက်သောသူ၊ သို့တည်းမဟုတ် သူများကိုသော်၎င်း သွားရောက်ကြည့်ရှုသူလူ ကြီးများအဖြစ်ဖြင့် အခါအားလျော်စွာခန့်ထားရမည်။ ထိုလူကြီးတို့အား ဘွဲ့အရည်အချင်းအပ်နှင်း သည့် အဖွဲ့များ၏ ဘွဲ့အရည်အချင်းတခုခုရရှိရန် လိုအပ်သောဆရာဝန်စာမေးပွဲများနှင့် ဆေးပညာသင် အဖွဲ့အစည်းများသို့၊ ကောင်စီကညွှန်ကြားသည့်အတိုင်း သွားရောက်ကြည့်ရှုရန်စေလွှတ်ရမည်။

၁၃၉။ ။ အမှုဆောင်ကော်မီတီမှာ၊ သွားရောက်ကြည့်ရှုရမည့်စာမေးပွဲများနှင့်စပ်လျဉ်း၍၎င်း၊ သွား ရောက်ကြည့်ရှုရန်အချိန်၊ နေရာနှင့်စပ်လျဉ်း၍၎င်း ကောင်စီအား အကြံဉာဏ်ပေးရန် တာဝန်ရှိရမည်။

၁၄၀။ ။ ဥက္ကဋ္ဌသည်၊ သွားရောက်ကြည့်ရှုသူ လူကြီးအသီးသီးအား နည်းလမ်းတကျအာဏာလွှဲအပ်သော စာကို၊ ကောင်စီတံဆိပ်ခတ်နှိပ်ကာပေးရမည်။

၁၄၁။ ။ သွားရောက်ကြည့်ရှုသူလူကြီးများအား၊ မည်သည့်အခကြေးငွေကိုမျှမပေးရ။ သို့သော် မြန်မာ နိုင်ငံခရီးစရိတ်နည်းဥပဒေများအရ သတ်မှတ်ထားသည့် နှုန်းများအတိုင်း ခရီးစရိတ်နှင့်နေ့စဉ်စရိတ်ပေး ရမည်။

၁၄၂။ ။ သွားရောက်ကြည့်ရှုသူလူကြီးများမှာ၊ မိမိတို့သွားရောက်ကြည့်ရှုသည့် စာမေးပွဲအသီးသီးနှင့်စပ် လျဉ်း၍ အစီရင်ခံရန်တာဝန်ရှိရမည့်ပြင်၊ မိမိတို့၏ အစီရင်ခံစာတွင် ကောင်စီသိသာရန် အရေးကြီးသည့် ထင်မြင်သည်၊ အကြောင်းအရာများနှင့် ဝေဘန်ချက်များကိုလည်း ထည့်သွင်းဖော်ပြရမည်။

၁၄၃။ ။ သွားရောက်ကြည့်ရှုသူလူကြီးများသည်၊ မိမိတို့အစီရင်ခံစာများတွင် မိမိတို့သွားရောက်ကြည့်ရှု သည့် စာမေးပွဲအသီးသီးကျင်းပနေစဉ်အတွင်း၊ သို့တည်းမဟုတ် မိမိတို့သွားရောက်ကြည့်ရှုသည့် အဖွဲ့အ စည်းများ ပညာသင်ကြားနေစဉ်အတွင်း မိမိတို့ရောက်ရှိသည့် နေ့ရက်များနှင့်အချိန်များကို ဖော်ပြရမည့် ပြင်၊ နေ့အသီးသီးတွင် စစ်ဆေးလျက်ရှိသည့် ဘာသာရပ်များကိုလည်း အတိုချုပ်နေ့စဉ်မှတ်တမ်းအဖြစ် ဖြင့် ထည့်သွင်းဖော်ပြရမည်။

၁၄၄။ ။ သွားရောက်ကြည့်ရှုသူလူကြီးများ၏ အစီရင်ခံစာများကို ရေးသားပြီးသောအခါ၊ ဥက္ကဋ္ဌထံပေးပို့ ရမည်။ ဥက္ကဋ္ဌက ထိုအစီရင်ခံစာများကို ပုံနှိပ်စေရမည်။ အစီရင်ခံစာများ၏ နောက်ဆုံးပုံနှိပ်စာမူကြမ်း ကို အမှားပြင်ထားသည့်အတိုင်း

Myanmar Law Information System (MLIS)

သွားရောက်ကြည့်ရှုသူလူကြီးများက လက်မှတ်ရေးထိုးပြီးနောက်၊ မှတ် ပုံတင်အရာရှိက လက်ခံလိုက်နာရန် ခိုင်လုံသော စာစောင်များအဖြစ် သိမ်းဆည်းထားရမည်။

၁၄၅။ ။ သွားရောက်ကြည့်ရှုသူလူကြီးများ၏ အစီရင်ခံစာများကို စဉ်းစားဆင်ခြင်၍ ကောင်စီအား အစီရင်ခံရန် ဥက္ကဋ္ဌက အမှုဆောင်ကော်မီတီအား လွှဲအပ်ရမည်။ ကိစ္စတခုခုနှင့်စပ်လျဉ်း၍၊ ကောင်စီက အခြားနည်းမညွှန်ကြားလျှင်၊ ထိုအစီရင်ခံစာများကို "လျှို့ဝှက်အစီရင်ခံစာများ"ဖြစ်သည်ဟု မှတ်ယူရ မည်။

**၁၅။ ။ စာတမ်းအမှတ်အသားများကို ကြည့်ရှုစစ်ဆေးခြင်း။**

၁၄၆။ ။ ကောင်စီ၏စာတမ်းအမှတ်အသားများကို၊ ကောင်စီဥပဒေအကြံပေးအရာရှိများက အသုံးပြုရန် မလိုသည့်အခါ၊ ကောင်စီလူကြီးများ ကြည့်ရှုစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ လိုက်နာရမည့် စည်းကမ်းချက် များမှာ၊ အောက်ပါအတိုင်းဖြစ်ရမည်။

(၁) အကြောင်းကြားစာကို၊ ကောင်စီအစည်းအဝေးများကျင်းပနေစဉ်အခါမှတပါး၊ အခြားအခါများတွင် မှတ်ပုံတင်အရာရှိထံသို့ သုံးရက်တိတိကြိုတင်ပေးပို့ရမည်။ ကောင်စီအစည်းအဝေးကျင်းပနေစဉ်အခါ တွင်မူ၊ အထူးအခွင့်ပေးနိုင်သည်။

(၂) ကြည့်ရှုစစ်ဆေးလိုသည့် စာတမ်းအမှတ်အသားများ အကြောင်းအရာကို ဖော်ပြရမည်။

(၃) မှတ်ပုံတင်အရာရှိမှာ၊ စာတမ်းအမှတ်အသားအားလုံးကို လုံခြုံစွာ ထိန်းသိမ်းရန်တာဝန်ရှိရမည်။

(၄) မှတ်ပုံတင်အရာရှိမှာ၊ စာတမ်းအမှတ်အသားများကို ရုံးချိန်အတွင်း လွယ်ကူစွာ ကြည့်ရှုစစ်ဆေးနိုင် စေရန်၊ နေ့ရက်အစဉ်အတိုင်းဖြစ်စေ၊ အခြားနည်းဖြစ်စေ စီစဉ်ထားရန်တာဝန်ရှိရမည်။

(၅) ကြည့်ရှုစစ်ဆေးသည့် စာတမ်းအမှတ်အသားများကို ကောင်စီ၏ ဥပစာမှရွှေ့ပြောင်းခြင်းမပြုရ။

(၆) ထိုစာတမ်းအမှတ်အသားအားလုံးနှင့် ၎င်းတို့မှရရှိသော အကြောင်းအရာများကို လျှို့ဝှက်စွာထားရှိ ရမည်။

----- Footnote -----

[ပင်ရင်း- ၁၉၉၉ ခုနှစ်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှထုတ်ဝေသော ၁၉၆၀ ပြည့်နှစ် အက်ဥပဒေများနှင့် နည်းဥပဒေများစာအုပ်မှ ကူးယူတင်ပြသည်။]

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 နောက်ဆက်တွဲ ကောင်စီလူကြီးများနှင့်သက်ဆိုင်သည့် အကြောင်းအရာများဖော်ပြသည့်မှတ်ပုံစာရင်း။

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ပုံစံ အမှတ် ၂ အက်ဥပဒေပုဒ်မ ၃ (၃)၊ အပိုဒ် (ဃ)အရကျင်းပသည့်ရွေးကောက်ပွဲ။

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ပုံစံ အမှတ် ၃ (အက်ဥပဒေပုဒ်မ ၄ အရ။) ပုံစံ ၃ [နည်းဥပဒေ ၁၂ (၂) ကိုကြည့်။]

Myanmar Law Information System (MLIS)